မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄)

ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ကော့မှူးမြို့နယ် ဇီးကုန်းအခြေခံပညာမူလတန်းကျောင်းနှင့် ပတုတ်မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဘုရားလမ်းရပ်ကွက် ပတုတ်အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ကော့မှူးမြို့ရှိ အဆိုပါကျောင်းများ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ် ပီသုကာလက်ရာ အလှအပရှုခင်းများ ထုံမွှမ်းရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ကမ္ဘာလှည့်ခရီးသည်များအား နွေးထွေးစွာဖိတ်ခေါ်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံအလှ
ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၃

မိုးရာသီကုန်၍ ဆောင်းရာသီသို့ ကူးပြောင်းတော့မည်ဖြစ်ရာ ခရီးသွားရာသီလည်း စတင်နေပေပြီ····။ မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေသော နိုင်ငံဖြစ်သကဲ့သို့ သဘာဝကဖန်တီးပေးထားသော အရင်းအမြစ်များ၊ ထူးဆန်းအံ့ဖွယ်များ၊ ယဉ်ကျေးမှု၊ အနုသုခုမလက်ရာများကြောင့်လည်း ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်တစား လာရောက်လေ့လာသည့် နိုင်ငံအဖြစ်လည်း ရပ်တည်လျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားလျက်ရှိသည့် **Aureum Palace Resort** အား ပုဂံဒေသ ရှုမျှော်ခင်းနှင့်အတူ ဤသို့ လှပစွာ တွေ့ရသည်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၄ ရက်)

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ရိုးရာဓလေ့ထုံးတမ်းအလေးထား ကုသိုလ်ကောင်းမှုပွားများ

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထားသောနေ့ ဖြစ်သည်။

အဘိဓမ္မာအခါတော်နေ့သည် မြတ်ဗုဒ္ဓ၏ အမေ့မေတ္တာ၊ အမေ့ကျေးဇူးဆပ်ခရီးကို အောင်မြင်စွာလျှောက်လှမ်းနိုင်သော နေ့လည်းဖြစ်သည်။ မိဘကျေးဇူးကို တရားဓမ္မဖြင့် ပေးဆပ်တော်မူခဲ့သော မြတ်ဗုဒ္ဓ၏ဂုဏ်ကျေးဇူးကို အထူးသိမြင်ပြီး သီတင်းကျွတ်ကာလတွင် မြန်မာတို့သည် မိဘ၊ ဆရာ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့လေ့ရှိကြသည်။

ဗုဒ္ဓမြတ်စွာသည် ခုနစ်ဝါအရ တာဝတိံသာနတ်ပြည်တွင် ဝါဆို၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြီးအမှူးပြုပြီး နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူခဲ့သည်။ အဘိဓမ္မာတရားတော် ဟောကြားတော်မူ၍ ပြီးဆုံးသည့်အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟူ၍လည်း သတ်မှတ်ခေါ်ဆိုကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ပြန်လည်ဆင်းသက်တော်မူခဲ့ရာ မြင်းမိုရ်တောင်မှ သင်္ကာသမြို့တံခါးတိုင်အောင် လက်ယာဘက်ရှိ ရွှေစောင်းတန်း၊ လက်ဝဲဘက်ရှိ ငွေစောင်းတန်းနှင့် အလယ်ရှိပတ္တမြားစောင်းတန်းတို့ကို သိကြားမင်းက ဖန်ဆင်းပေးထားသည်။ မြတ်စွာဘုရားရှင်သည် ပတ္တမြားစောင်းတန်းမှ ကြွချီတော်မူရာတွင် လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့က ဆီမီးများ ထိန်ထိန်ညီးအောင် ထွန်းညှိပူဇော်ကာ မြတ်စွာဘုရားအား သင်္ကာသမြို့တံခါးမှ ဖူးမြော်ကြည်ညိုကြသည်။ ထိုကဲ့သို့ မြတ်စွာဘုရားရှင်အား ဆီမီးပူဇော်ခြင်းကို အကြောင်းပြု၍ သီတင်းကျွတ်မီးထွန်းပွဲတော်ဟုလည်း ခေါ်ဆိုသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ထူးကဲမွန်မြတ်သည့် သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း စသည့်ကောင်းမှုကုသိုလ်များ ပွားများလေ့ရှိကြသည်။

သို့ဖြစ်ပေရာ ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ပြုရာ သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် မြန်မာတို့အဖို့ ရိုးရာဓလေ့ ထုံးတမ်းများကို အလေးထားပြီး ကုသိုလ်ကောင်းမှုများ ကျင့်ကြံပွားများ အားထုတ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၄-၁၀-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မျိုးချစ်တပ်မတော်
၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း** (အပိုင်း-၂)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၃)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မိတ္ထီလာဝါစိုက်တောင်သူများနှင့် တွေ့ဆုံ

စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများဆွေးနွေး တစ်ဧက ပိဿာ ၁၆၀၀ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

နေပြည်တော် အောက်တိုဘာ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းက မန္တလေးတိုင်း မိတ္ထီလာမြို့နယ် တောမကျေးရွာတွင် စိုက်ပျိုးဖြစ်ထွန်းနေသော မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါ တစ်ကွင်းတစ်စပ် ဧက၁၀၀ စိုက်ခင်း၌ ဝါစိုက်တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝါစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ ဆွေးနွေးမှာကြားပြီး တောင်သူဦးမြင့်ဟိန်းနှင့် ဦးစိုးမောင်တို့၏ မိုးနှောင်းငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ၌ မိုးနှောင်းငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက် တောင်သူများနှင့်တွေ့ဆုံ၍ ဝါစိုက်ပျိုးမှု အခြေအနေများနှင့် တစ်ဧကဝါအထွက်တိုးရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး တောင်သူဦးအောင်ငြိမ်း၏ မိုးနှောင်းငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

(အပေါ်ပုံ)

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာမြို့ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန၌ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များအားတွေ့ဆုံပြီး မိတ္ထီလာနှင့် သာစည်မြို့နယ်များ၌ မိုးစပါးနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာသို့ သွားရောက်၍ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စပါးနှင့် မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေး၊ တစ်ဧက ပိဿာ ၁၆၀၀ထွက်ရှိရေး၊ ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး စုပေါင်းဆောင်ရွက်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့နံနက် ၇နာရီက လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား ရန်ကုန်တိုင်းနှင့် မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားနိုင်မှု၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မှာကြားသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် ၈လမ်း၊ ၁၀လမ်း တစ်လျှောက်နှင့် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် မဟာနွယ်လမ်းတစ်လျှောက် ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ကျန်းမာရေးပညာပေး ဟောပြောပို့ချနေမှုများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှု၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်ရှစ်လုံး အသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့် ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ သမိုင်းချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆင်ဖြူကျွန်းမြို့နယ်သားများ သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့နယ်ဇာတိဖြစ်သော ရန်ကုန်မြို့ရောက် အသက် ၇၅နှစ်နှင့်အထက်ရှိ သက်ကြီးဘိုးဘွားများအား ဆင်ဖြူကျွန်းမြို့နယ်သူ မြို့နယ်သားများ စုပေါင်း၍ သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၈ရက်(စနေနေ့) နံနက် ၁၀နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ဆင်ဖြူကျွန်းမြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများ ကြိုတင်ထည့်ဝင် လှူဒါန်းလိုပါက ဦးမောင်မောင်ကြီး ဖုန်း-၀၁-၆၆၅၈၉၆၊ ဒုတိယဗိုလ်မှူးကြီးဝင်းထိန်(ငြိမ်း) ဖုန်း-၀၁-၆၉၉၀၄၃၊ ဦးစန်းလွင် ဖုန်း-၀၁-၅၃၀၀၅၈နှင့် ဦးမောင်မောင်လေး ဖုန်း-၀၁-၅၀၂၁၉၅တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စက်တင်ဘာ ၁၆ရက်က မြစ်သားမြို့နယ် မယှက်ကျေးရွာ တက်နေဝန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်သန်းနှင့် ရပ်မိရပ်ဖ ဦးဘိုးနီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကော့မှူးမြို့ ဘုရားလမ်းရပ်ကွက် ပတုတ် အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဇီးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို နံနက်၇နာရီတွင် အဆိုပါမူလတန်းကျောင်း ရှေ့၌ ကျင်းပရာ ရေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အလှူရှင် ဝေမိသားစုမှ ဦးတာဝေတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ သည် အလှူရှင်မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင်သစ်အတွင်း ခင်းကျင်းပြသထားသည့် ကျောင်းဆောင်သစ်တည်ဆောက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအခြေခံပညာ မူလတန်းကျောင်းဆောင်သစ်မှာ အလျားပေ၆၀၊ အနံပေ၃၀နှင့် အမြင့်၁၂ပေရှိ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၇၃ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကာ တန်ဖိုးမှာ ငွေကျပ်သိန်း၃၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့ ဘုရားလမ်းရပ်ကွက် ပတုတ် အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို နံနက်၇နာရီခွဲတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့ရှိ မင်္ဂလာမုခ်ဦး၌ကျင်းပရာ ရေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ကော့မှူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အလှူရှင် သော်တာဝင်းကုမ္ပဏီ၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်းကျော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အလှူရှင်မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခင်းကျင်းပြသထားသည့် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကာ ကျောင်းဝင်းအတွင်းရှိ မြေကွက်လပ်များတွင် စိုက်ပျိုးထားသည့် စားသုံးသီးနှံပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ကျောင်းဥပစာရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် (ကော့မှူးမြို့နယ် တာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပတုတ် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်သိန်းနှင့် ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးပိုက်တင်တို့က လက်ခံကြသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ဇီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူရှင် ဝေမိသားစုမှ ဦးတာဝေက ငွေကျပ်သိန်း ၃၅၀ နှင့် ပတုတ်အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက်အလှူရှင် သော်တာဝင်းကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်းကျော်က ငွေကျပ်သိန်း ၁၃၀၀ တို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံပေးအပ်ကြရာ ကျောင်းအုပ်ကြီးများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် ပတုတ်အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် အလှူရှင် Horizonal International Education Centre မှ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ပရိဘောဂများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ဦးနေဝင်းကျော်နှင့် ဦးတာဝေတို့က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်ကြသည်။

အလှူရှင် သော်တာဝင်းကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေဝင်းကျော် မိသားစုက ဆောက်လုပ်လှူဒါန်းသည့် အဆိုပါအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်မှာ အလျား ၁၁၂ ပေ၊ အနံပေ ၃၀ နှင့် အမြင့်ပေ ၂၀ ရှိ စာသင်ခန်း ငါးခန်းတွဲ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျောင်းသားကျောင်းသူ ၂၇၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကာ တန်ဖိုးမှာငွေကျပ်သိန်း ၁၃၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၃

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၄၇)တွင် နိုင်ငံပိုင်တိုက်ခန်း ၅၁ခန်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်။ တားမြစ်ပိတ်ပင်ထားသည့် နို့မှုန့် ကိုးမျိုးအား လျှော့ဈေးဖြင့်ရောင်းတိုင်း ဝယ်မစားသင့်၊ မယ်လမင်းမပါသည့် နို့မှုန့်များ ဓာတ်ခွဲစစ်ဆေးပြီး ဖြန့်ဖြူးခွင့်ပေးမည်။ မြန်မာ့လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းမည်၊ မိုးကုတ်၌ နေအိမ်တစ်လုံး ရေတိုက်စား၍ ပြိုကျ၊ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်မှ အစုရှယ်ယာများ ရောင်းချပေးမည်၊ ဗေဒင်ဆရာလောကမှ လုပ်စားယတြာများ၊ မြန်မာနိုင်ငံ၏ ဘောလုံးအကယ်ဒမီသင်တန်းကျောင်း ဖွင့်လှစ်တော့မည်၊ ကမ္ဘာ့စံချိန်တင် လူဝကြီး ကွယ်လွန်ရှာပြီ၊ အိမ်အသစ်ဆောက်ရွှေ၊ ငွေလက်ဝတ်ရတနာများ ဝယ်ယူနေသူအား စစ်ဆေးရာမှ ငွေကျပ် ၄၃သိန်းခိုးမှုပေါ်ပေါက်၊ ပြည့်တန်ဆာနှင့် ပျော်ပါးမှုလွန်ပြီး သူငယ်ချင်းနှစ်ယောက် စကားများရန်ဖြစ်ရာမှ အသက်သေဆုံးခဲ့၊ ပါမောက္ခ ဒေါက်တာဦးခင်မောင်အေး၏ ကျောင်းသားအရွယ်နှင့် အာသီးရောင်ခြင်း၊ ဒေါက်တာဦးအောင်ခင်ဆင့်၏ ဆီးချို-သွေးချိုဝေဒနာရှင်များ ကျန်းမာစေရမည်၊ နို့မှုန့်တိုင်းကို ကြောက်စရာမလို အန္တရာယ်ကင်းရှင်းကြောင်း တံဆိပ်အစစ်ပါလျှင် စားသုံးနိုင်၊ ဒါရိုက်တာကြည်ဖြူသျှင် All Road Film Festival မှ ဓာတ်လမ်းတို အကောင်းဆုံးဆုရရှိခဲ့၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရန် နိုင်ငံခြားကုမ္ပဏီများ စိတ်ဝင်စား၊ အီရန်ကမီးကိုမီးနှင့် ကစားရန်အသင့်၊ ပင်လယ်ဓားပြများက ယူကရိန်းသင်္ဘောအား ဖောက်ခွဲပစ်မည်ဟု ခြိမ်းခြောက်၊ အစ္စရေးဗိုလ်ချုပ်များက ဟစ်ဇ်ဘိုလာအား ပြင်းထန်စွာနှိပ်ကွပ်မည်ဟု သတိပေး၊ ဟစ်ဇ်ဘိုလာ အစ္စရေးစစ်ပွဲ မကြာခင် တောက်လောင်နိုင်ဖွယ်ရှိစသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ထုတ်ဝေဖြန့်ချိ

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့ နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

အမှတ်(၂)စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဂျာမနီနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး Mr. Julius Georg Luy သည် အောက်တိုဘာ၁၂ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

စက်မှုဖွံ့ဖြိုးတိုးတက်ရေး

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

၂။ ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရောက်ရှိသော နို့မှုန့်နှင့် နို့ထွက်ပစ္စည်း အစားအသောက်များတွင် မယ်လမင်းပါဝင်မှု ရှိ/မရှိကို သက်ဆိုင်ရာက ဆက်လက်စမ်းသပ်စစ်ဆေးခဲ့ရာ နို့မှုန့်အမျိုးအစား (၈၇)မျိုးတွင် နို့မှုန့်အမျိုးအစား (၇)မျိုးမှာ မယ်လမင်းပါဝင်ကြောင်း ထပ်မံစစ်ဆေးတွေ့ရှိရသည်။ အဆိုပါ မယ်လမင်းပါဝင်ကြောင်း ထပ်မံတွေ့ရှိရသော နို့မှုန့်အမျိုးအစားများမှာ-

(က) Full Cream Milk Powder-Golden River
(ခ) Calcium Milk-Powder-Butterfly
(ဂ) Full Cream Milk Powder-Yu-Li
(ဃ) Sweet Whey Powder
(င) Non-Dairy Creamer(Korea)
(စ) Non-Dairy Creamer(China)
(ဆ) Elfalac A+ တို့ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ အဆိုပါပြည်သူများ စားသုံးရန်မသင့်သော မယ်လမင်းပါဝင်သည့် နို့မှုန့်များကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းတွင် ပြန်လည်ပြုပြင် ထုပ်ပိုးရောင်းချခြင်း၊ အဆိုပါ နို့မှုန့်များကို အသုံးပြုပြီး စားသောက်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချခြင်းများကို ပိတ်ပင်တားမြစ်လိုက်သည်။

၄။ ဆက်လက်၍လည်း နို့မှုန့်နှင့် နို့ထွက်ပစ္စည်း အစားအသောက်များတွင် မယ်လမင်းပါဝင်မှု ရှိ/မရှိကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့က ဆက်လက်စမ်းသပ်စစ်ဆေးလျက်ရှိရာ စစ်ဆေးတွေ့ရှိချက်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ထုတ်ပြန်သွားရန် ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) သန့်ရှင်း
(ဗိုလ်မှူးကြီး)
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ပါကစ္စတန်နယ်စပ်တွင် ဒုံးကျည်ဖြင့်ပစ်ခတ် အရန်ရှားမြို့၌ အနည်းဆုံး ငါးဦးသေဆုံး

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၃

ပါကစ္စတန်နိုင်ငံလူမျိုးစုများ နေထိုင်ရာ အာဖဂန်နစ္စတန်နယ်စပ်အနီးတွင် အမေရိကန်တို့ ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကြောင့် အနည်းဆုံး ငါးဦးသေဆုံးကြောင်း ဒေသခံအရာရှိများက ပြောကြားသည်။

ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းမခံရမီ မြောက်ဝါဇီရစ္စတန်ပြည်နယ် အရန်ရှားမြို့ပေါ်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်နှစ်စင်းကို တွေ့လိုက်ရသည်ဟု ဆိုသည်။

ဝေဖန်

ထိုသတင်းနှင့်ပတ်သက်၍ အမေရိကန်စစ်ဌာနချုပ်မှ တစ်စုံတစ်ရာ ဝေဖန်ကြေညာခြင်း မပြုပေ။

တိုက်ခိုက်

မကြာမီ ရက်သတ္တအနည်းငယ်က အဆိုပါနယ်စပ်မှ မသင်္ကာဖွယ် စစ်သွေးကြွများရှိရာနေရာတို့ကို အမေရိကန်စစ်ဘက်က ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်။

ပြောကြား

ပါကစ္စတန်ရှိ လူမျိုးစုများဒေသကို ခြေကုတ်ယူကာ အာဖဂန်နစ္စတန်မှ နိုင်ငံစုံတပ်ဖွဲ့ဝင်များကို စစ်သွေးကြွများက ပိုမိုတိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မှူးများက ပြောကြားသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ အရန်ရှားမြို့တွင် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုခံရပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံတစ်ဝန်း တိုက်ပွဲများဖြစ်ပွား ထိခိုက်သေကျေမှုများ နေ့စဉ်ကြုံတွေ့ရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၃

အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ အောက်တိုဘာ၁၁ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်ပြည်သူ ၁၄ဦး သေဆုံးသွားခဲ့ကာ ၁၅ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖောက်ခွဲ

ဘဂ္ဂဒက်မြို့တောင်ပိုင်း မစ်ဆန်ပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့်ယာဉ်ကို လမ်းဘေးဗုံးထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရတ်နိုင်ငံအတွင်း ဖြစ်ပွားသော စစ်ပွဲများ၌ သတင်းထောက်များအား အကာအကွယ်ပေးမှုမှာလည်း ကျဆင်းလာခဲ့သည်။ ဘဂ္ဂဒက်၌ ဆွန်နီအကြမ်းဖက်သမားများအတွက် အလုပ်လုပ်ကိုင်ပေးလျက်ရှိသည်ဟု ယူဆရသည့် ရှေ့နေတစ်ဦးမှာလည်း သေနတ်သမားများ၏ ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။

သေဆုံး

ကယ်ကွတ်မြို့၌လည်း လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ ဆရာဝန်တစ်ဦး အပါအဝင် သုံးဦးဒဏ်ရာရရှိသွားခဲ့သည်။ မိုဆူးလ်မြို့၌လည်း တိုက်ပွဲငယ်တစ်ခု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။ ဆာမာရာဒေသတွင်လည်း အီရတ်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေနတ်သမားနှစ်ဦး သေဆုံးခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိ

ဟီလာဒေသတွင် သေနတ်သမားများ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း၊ ဟာဘာနီယာဒေသတွင်လည်း လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး ငါးဦးကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ (အင်တာနက်)

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၁၈၁ ဦးအထိ ရှိသွားခဲ့ပြီ

ဝါရှင်တန် အောက်တိုဘာ ၁၃

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါများက ၂၀၀၃ ခုနှစ်တွင် ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အောက်တိုဘာ၁၃ရက်အထိ ၄၁၈၁ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

တိုက်ခိုက်

ထိုသို့အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်စဉ်အတွင်း အခြားသော အပေါင်းပါတပ်ဖွဲ့ဝင်များလည်း ခုခံတိုက်ခိုက်သည့် စစ်ပွဲများ၊ လမ်းဘေးထောင်ဗုံးများနှင့် အသေခံဗုံးခွဲ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည်။

သေဆုံး

အောက်တိုဘာ ၁၃ရက်အထိ အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ဗြိတိသျှ ၁၇၆ဦး၊ အီတလီ ၃၃ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဘာဇေဒို ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့်ဂျော်ဂျီယာ သုံးဦးစီ၊ အက်စ်တိုးနီးယား၊ နယ်သာလန်၊ ထိုင်း၊ ရိုမေးနီးယားတို့မှ နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတစ်ဦးစီ သေဆုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ပါကစ္စတန်လူမျိုးစုခေါင်းဆောင်များ အစည်းအဝေး၌ အသေခံဗုံးဖောက်ခွဲ၊ ၂၇ဦးသေဆုံးပြီး ၈၁ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီး ပါကစ္စတန်လူမျိုးစု နေထိုင်ရာ အိုရာဇိုင်းဒေသ၌ အောက်တိုဘာ၁၃ရက်က အသေခံကားဗုံးခွဲ တိုက်ခိုက်သဖြင့် အနည်းဆုံး၂၇ဦး သေဆုံးပြီး ၈၁ဦးဒဏ်ရာရသွားသည်။

တက်ရောက်

အိုရာဇိုင်းဒေသ၌ လူမျိုးစုခေါင်းဆောင်များ အောက်တိုဘာ ၁၃ရက်က စည်းဝေးစဉ် အသေခံဗုံးခွဲသူတစ်ဦးက ကားမောင်းဝင်လာပြီး ဗုံးခွဲလိုက်ကြောင်း အစည်းအဝေး တက်ရောက်သူများက ပြောကြားသည်။

အေးချမ်းတည်ငြိမ်

ပက်ရှ်ဝါမြို့အနီး အိုရာဇိုင်းဒေသမှာ မကြာမီလများအတွင်း အတော်အတန် အေးချမ်းတည်ငြိမ်ခဲ့သည်။

ဗုံးဖောက်ခွဲတိုက်ခိုက်

အသေခံဗုံးခွဲတိုက်ခိုက်ခံရစဉ် အစည်းအဝေးသို့ တက်ရောက်နေကြသည့် လူမျိုးစုခေါင်းဆောင်များမှာ ၆၀၀အထိရှိသည်။ ယခုအထိ မည်သည့်အဖွဲ့အစည်းက ယင်းသို့ အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်သည်ကို မသိရသေးဟု ဆိုသည်။

(အင်တာနက်)

ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မိုဆူးလ်မြို့အနီးတွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွား ကလေးငယ်နှစ်ဦးအပါအဝင် အရပ်သားငါးဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

မိုဆူးလ် အောက်တိုဘာ ၁၃

အီရတ်နိုင်ငံ မိုဆူးလ်မြို့ အနီးဝန်းကျင်၌ အောက်တိုဘာ ၁၂ရက်က ကားဗုံးပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ရာ ကလေးငယ်နှစ်ဦး အပါအဝင် အရပ်သားငါးဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း ပြည်နယ်လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ပထမကားဗုံးပေါက်ကွဲမှုမှာ မိုဆူးလ်မြို့မြောက်ဘက် အစ်လက်ဇီရာအီဒေသတွင် လုံခြုံရေးကင်းလှည့်လာသော အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား၍ ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။**(အောက်ပုံ)**

ပြောကြား

ယင်းဖောက်ခွဲတိုက်ခိုက်မှု၌ ကလေးငယ်သုံးဦးအပါအဝင် အရပ်သား ငါးဦးသေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်လုံခြုံရေးတပ်ဖွဲ့က အဆွတ်အယ်လ်-အီရတ် သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဗုံးဖောက်ခွဲ

ဒုတိယကားဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ မိုဆူးလ်မြို့အနောက်ဘက် အယ်လ်-ဇန်ဂျီဘီလီဒေသရှိ ဘာဒွေရှ်အကျဉ်းထောင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်လာစဉ် ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

အမာခံနယ်မြေ

ဘဂ္ဂဒက်မြို့မှ ကီလိုမီတာ ၄၀၀အကွာရှိ မိုဆူးလ်မြို့ကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အီရတ်အာဏာပိုင်များကပါ အယ်လ်ခိုင်ဒါတပ်ဖွဲ့ဝင်များ ခိုအောင်းရာ အမာခံနယ်မြေအဖြစ် သတ်မှတ်ထားပြီး အကြမ်းဖက်တိုက်ဖျက်ရေးများ ဆင်နွှဲလျက်ရှိသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ ထိခိုက်ဒဏ်ရာရသည့် ကလေးငယ်တစ်ဦး ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသည်ကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ တိုက်ပွဲများဖြစ်ပွား တာလီဘန် ၁၃၀ သေဆုံးခဲ့

ကဘူးလ် အောက်တိုဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အောက်တိုဘာ ၁၂ရက်က နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် တာလီဘန် ခုခံတိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲများ အကြီးအကျယ် ဖြစ်ပွားခဲ့မှုကြောင့် တာလီဘန်၁၀၀ကျော် သေဆုံးသွားကြောင်း အာဖဂန်နှင့်ဗြိတိသျှလုံခြုံရေးတပ်များက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်ပြည်နယ် မြို့တော်လက်စကာဂါ့သ်မြို့အပြင်ဘက်၌ အာဖဂန်နှင့်အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့ရာ တာလီဘန် ၁၀၀ကျော် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

တာလီဘန် တိုက်ခိုက်ရေးသမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဟယ်လ်မန်ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါ တိုက်ပွဲဖြစ်ပွားမှုကြောင့် တာလီဘန် ၁၃၀ သေဆုံးခဲ့ရကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

မင်းကင်း၌ ပညာဘဏ်တိုက် စာကြည့်တိုက် စာအုပ်ပြပွဲကျင်းပ

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပညာဘဏ်တိုက် စာကြည့်တိုက် စာအုပ်ပြပွဲကို စက်တင်ဘာ ၁၃ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ (၀၃၃)

သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

စစ်ကိုင်းတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်သည် စက်တင်ဘာ ၁၈ရက် ညနေ ၄နာရီက အင်းတော်မြို့ ခနကမ္ဘာသမဝါယမအသင်းစု ရုံးခန်းမ၌ အသင်းစုနှင့် အခြေခံအသင်းများမှ ဒါရိုက်တာများ၊ ဌာနဝန်ထမ်းများအား တွေ့ဆုံပြီး သမဝါယမအသင်းများ စနစ်တကျရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။ (၀၃၀)

ဘားအံမြို့နယ် ကြက်ခြေနီအသင်းရုံးဖွင့်

ဘားအံမြို့နယ် ကြက်ခြေနီအသင်းရုံးဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ရက် နံနက်၁၁နာရီက မဲဘောင်ကျေးရွာ အမကကျောင်းအနီး အသင်းရုံးတည်ရာ၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်မှ အမှုဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေ၊ ကရင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေး ဦးစီးဌာန ဌာနမှူးဒေါက်တာဌေးနောင်နှင့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (၀၀၈)

ဒီပဲယင်းမြို့နယ်တွင် ဒီပရင်္ဂစာကြည့်တိုက်ဖွင့်

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ရင်းရဲကျေးရွာ ဒီပရင်္ဂစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းက ကျေးရွာ စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ဒုတိယမြို့နယ်မှူး ရဲအုပ်တင်ရွှေနှင့် မြို့နယ်ပညာရေးမှူး ဦးဝင်းကြည်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ဆက်သွယ်အသိပညာပေးမှု ဝိုင်းမော်၌ဆွေးနွေး

ကြက်ငှက်တုပ်ကွေးရောဂါ ဆက်သွယ်အသိပညာပေးမှု အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ရက် နံနက်၇နာရီက ဝိုင်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးတင်ဝင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဦးအက်စ်ယိန်းခေါနှင့်ယူနီဆက်မှ ဦးစောအယ်မိုးတို့က အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲသို့ သင်တန်းသား သင်တန်းသူ ၂၄ဦး တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

အထူးကုဆရာဝန်များအဖွဲ့ နွားထိုးကြီး၌ကွင်းဆင်း

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်သီတာ ဦးဆောင်သော မန္တလေးတိုင်း အထူးကုဆရာဝန်များ ပါဝင်သော အဖွဲ့သည် နွားထိုးကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ ဩဂုတ် ၁၉ ရက်က နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျေးရွာများမှ အထွေထွေရောဂါ လူနာ၁၅၀၀အား ကုသပေးကြောင်း သိရသည်။ (၀၉၂)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း နမ့်ခမ်း၌ဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရပ်ကွက်ကျေးရွာစာရေးများအား တွဲဖက်စာကြည့်တိုက်မှူး တာဝန်ပေးအပ်ခြင်းနှင့် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲကို ဩဂုတ် ၂၉ရက် မွန်းလွဲ ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ဘက်စုံသီးနှံကာကွယ်ရေး ပင်လောင်း၌သင်တန်းဖွင့်

ရှမ်းပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲမှ ကျင်းပသော တောင်သူဘက်စုံသီးနှံကာကွယ်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ပင်လောင်းမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဒုရဲမှူး အုန်းရွှေက သင်တန်းဖွင့် အမှာစကား ပြောကြား၍ ရှမ်းပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်သီးနှံ ကာကွယ်ရေး တာဝန်ခံဦးလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

အရန်မီးသတ်တပ်ဖွဲ့ အခြေခံစစ်ပညာသင်တန်း တမူး၌ဖွင့်

စစ်ကိုင်းတိုင်း တမူးခရိုင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အခြေခံစစ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၈)သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကောင်စံဦးက အမှာစကားပြောကြားပြီး သင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၇၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ငါးသယံဇာတ တိုးပွားရေးနှင့် ရိက္ခာဖူလုံရေး ဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

ပုသိမ် အောက်တိုဘာ ၁၃

ငါးသယံဇာတ တိုးပွားရေး၊ သားငါး ထုတ်လုပ်မှုနှင့် GDP တိုးတက်ရေး၊ ငါးရိက္ခာ ဖူလုံပိုလျှံရေးတို့အတွက် ဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ၈ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမရှေ့ ပန်းခြံဆိပ်ခံဇောတံတားထိပ်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး တိုင်းဦးစီးဌာနမှူး ဦးမျိုးအောင်က ငါးမျိုးစိုက်ထည့်ရသည့်အကြောင်း ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ(**အပေါ်ယာပုံ**)နှင့် ဇနီး ဒေါ်ဝင်းဝင်းမော်တို့က ဝန်မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပြီး တက်ရောက်လာကြသူများက ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ဝန်မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားတွင် ငါးလုပ်ငန်း ဦးစီးဌာနပိုင် ငါးသားပေါက်စခန်းများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များထံမှ ရရှိသော ငါးမြစ်ချင်း ငါးသန်၊ ငါးဖျံကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီး၊ ငါးသန်၊ ငါးဖျံ ကောင်ရေ ၂ဒသမ၅သိန်း၊ တီလားပီးယား ငါးသန် တစ်သိန်း၊ ငါးရှဥ့်၊ ငါးကျည်း၊ ငါးခူ၊ ငါးပြေမမျိုး ငါးကောင်ရေ ၄၈၀၀၀၊ ငါးတန်၊ ငါးသန်ကောင်ရေ ၂၀၀၀ နှင့် ကဏန်းမည်းအကောင် ၁၀၀၀ စုစုပေါင်း အကောင် ၆၀၁၀၀၀ မျိုးစိုက်ထည့်သည်။

စိုက်ထည့်

ဧရာဝတီတိုင်း ငါးလုပ်ငန်း ဦးစီးဌာန အနေဖြင့် ငါးသယံဇာတ တိုးပွားရေး အတွက် မြစ်ချောင်းကြီးများ၊ ဆည်၊ တမံ၊ ရေလှောင်ကန်များ၊ ရေပြင်ရေရိုးများ၊ အင်းများ၊ စပါးခင်းများအတွင်း နှစ်စဉ် ငါးမျိုးသိန်းပေါင်းရာချီ၍ စိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ခန္တီးခရိုင် ပြန်/ဆက်ဦးစီး စာဖတ်ဝိုင်းကျင်းပ

ခန္တီး အောက်တိုဘာ ၁၃

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ စာဖတ်ဝိုင်းကို စက်တင်ဘာ ၁၆ရက် ညနေ ၄နာရီက ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင်း စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြင့်သိန်းစိုးက မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ စာဖတ်ဝိုင်းကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ဒေါ်ဒုံစေ့(ရပ်သံကျွမ်းကျင်-၃)က နိုင်ငံတော်အခြေခံမူများ အခန်း(၁)ကို ဖတ်ကြားပြီး ဒေါ်အေးအေးခန့် (အငယ်တန်းစာရေး)က နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်း(၂)ကို ဖတ်ကြားကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမြင့်သိန်းစိုးက မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေများ စာအုပ်ပါ အခန်း(၁)နှင့်(၂) ဖတ်ကြားမှုအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



အခွန်ပညာပေးဟောပြော

မြဝတီ အောက်တိုဘာ ၁၃

မြဝတီခရိုင် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ အခွန်ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီက ခရိုင်အခွန်ဦးစီးဌာနမှူး ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်သွယ်လုပ်ငန်းခွန်၊ဝင်ငွေခွန်၊ အမြတ်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်များ ကောက်ခံခြင်းနှင့်ပတ်သက်၍ ခရိုင်အခွန် ဦးစီးဌာနမှူး ဦးမင်းဇော်၊ မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးဇော်လင်းမိုးနှင့်တွဲဖက် မြို့နယ်အခွန်ဦးစီးဌာနမှူးဦးချစ်သောင်းတို့က ကဏ္ဍများအလိုက် ရှင်းလင်းပညာပေးဟောပြောကြကြောင်း သိရသည်။**(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

အသိပညာတိုးပွားရေးနှင့်စာဖတ်သူတိုးပွားရေး ငွေဆောင်မြို့၌ ဟောပြောပွဲကျင်းပ

ငွေဆောင် အောက်တိုဘာ ၁၃

ပုသိမ်ခရိုင် ငွေဆောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော အသိပညာတိုးပွားရေးနှင့် စာဖတ်သူတိုးပွားရေး စာပေဟောပြောပွဲကို စက်တင်ဘာ ၂၃ရက် မွန်းလွဲ ၁နာရီက ငွေဆောင်မြို့ အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးလှိုင်နှင့် အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်း(**အပေါ်ပုံ**)တို့က အမှာစကားပြောကြားကြပြီး ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ငွေဆောင်မြို့ ဦးစီးမှူး ဦးမျိုးလွင်က စာဖတ်ခြင်း၏ အကျိုးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရဲစခန်းမှူး ရဲအုပ် အောင်နိုင်က မူခင်းကျဆင်းရေးပညာပေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

* ကျောဖုံးမှ

အလေးထား

မြန်မာနိုင်ငံ၏ ဒေသတစ်နံတစ်လျား လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် တစ်မြို့နယ်နှင့် တစ်မြို့နယ် ဆက်သွယ်သွားလာနိုင်ရေးကို အလေးထားပြီး လမ်းများ၊ တံတားများကို ယှက်သွယ်ဖောက်လုပ်လျက်ရှိသည်။

ထိုအထဲတွင် ဧရာဝတီတိုင်း ဖျာပုံ-ဘိုကလေးကားလမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဖျာပုံ-ဘိုကလေး ကားလမ်းကို ၁၉၉၀ပြည့်နှစ်က စတင်ဖောက်လုပ်ခဲ့သော်လည်း လမ်းတာပေါင်အထူမရရှိမီ ကျောက်လမ်းအဆင့် တည်ဆောက်ခဲ့ခြင်း၊ ပင်လယ်ပိုင်းဒေသ ရေစိမ့်ဝင်မှု၊ မိုးများမှုဒဏ်ကြောင့် လမ်းသားပျော့အိချောင်ဝင်ခြင်းများကြောင့် မိုးရာသီတွင် ယာဉ်သွားလာမှု ကန့်သတ်ခဲ့ရသော လမ်းဖြစ်သည်။

သတင်းခရီးသည်

စာရေးသူနှင့်အဖွဲ့အား ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်၏ ကူညီမှုဖြင့် စက်တင်ဘာ ၂၅ရက်က ဖျာပုံ-ဘိုကလေးကားလမ်းသို့ သတင်းခရီးသည်အဖြစ် သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။ ဘိုကလေးမြို့မှ နံနက် ၁၀နာရီတွင် စတင်ထွက်ခွာခဲ့ပြီး နတ်ချောင်းတံတားအနီးသို့အရောက်တွင် မိုးမှာ သဲသဲမဲမဲ ရွာသွန်းလာသဖြင့် ခေတ္တ ရပ်နားခဲ့ပြီး ဆက်လက်ခရီးဆက်ကြရသည်။

ဖျာပုံ-ဘိုကလေး ကားလမ်းမှာ အရှည် ၁၉မိုင် ၂ဖာလုံရှိသော ကားလမ်းဖြစ်ပြီး ဖျာပုံမြို့နယ်အပိုင်းမှာ မိုင် ၀/၀ မှ ၁၂/၃ အထိ ၁၂မိုင် ၃ဖာလုံဖြစ်၍ ဘိုကလေးမြို့နယ်အပိုင်းမှာ မိုင် ၁၂/၃မှ ၁၉/၂အထိ ၆မိုင် ၇ဖာလုံရှိသော လမ်းဖြစ်သည်။

သက်သောင့်သက်သာ

ဖျာပုံ-ဘိုကလေး ကားလမ်းအနီးကလေး၊ ခရီးမဝေးပါ။ မကြာမီ မိုးစဲသွားသဖြင့် နတ်ချောင်းတံတားကို ဖြတ်ကျော်ကာ ဘိုကလေးမှ ဖျာပုံသို့ဆီ ကားကလေးဖြင့် ခရီးနှင်ခဲ့သည်။ လမ်းတစ်လျှောက် ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ကားကလေးများနှင့် မော်တော်ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်နေကြသည်ကို တွေ့မြင်ခဲ့ရသည့်အပြင် ခရီးသည်များမှာ လက်နှစ်ဖက်ကိုင်ပြီး စီးစရာမလိုဘဲ စိတ်ချမ်းမြေ့စွာ သက်သောင့်သက်သာ ထိုင်စီးနေသည်ကို တွေ့ခဲ့ရသည်။

မကြာလိုက်ပါ။ ဖျာပုံမြို့နယ် ဇင်းဘောင်စခန်းသို့ နံနက် ၁၀နာရီ ၄၅မိနစ် ရောက်ရှိကြသည်။

တစ်မျှော်တစ်ခေါ်

စခန်းပတ်ဝန်းကျင်တွင် မိုးစပါးစိုက်ခင်းများဖြင့် စိမ်းစိုလန်းဆန်းနေသည်။ ဘိုကလေး-ဖျာပုံကားလမ်း ဝဲယာတစ်လျှောက်တို့တွင်လည်း မြစိမ်းရောင်ကမ္ဘလာစိမ်းကြီးများ ခင်းထားသည့်အလား အောင်မြင် ရှင်သန်ဖြစ်ထွန်းနေသော စပါးစိုက်ကွင်းများကို တစ်မျှော်တစ်ခေါ် တွေ့ရသည်။

ဇင်းဘောင်စခန်းအရှေ့ဘက် ဖျာပုံ-ဘိုကလေးကားလမ်းပေါ်တွင် အချိန်ရခိုက် ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)ဦးဌေးညွှန့်နှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည်။

ဖျာပုံ-ဘိုကလေးလမ်းကို ဩဂုတ် ၂၅ရက်မှစတင်ပြီး စည်ပင်သာယာရေး ဦးစီးဌာနက တာဝန်ယူကာ ယာဉ်စက်ယန္တရား ၂၅စီး၊ အင်ဂျင်နီယာ အစုအဖွဲ့ ၁၂ဖွဲ့ဖြင့် မြေထိုးစက်နှစ်စီး၊ မြေညှိစက်တစ်စီး၊ မြေပြင်စက်သုံးစီး၊ လမ်းကြိတ်စက် လေးစီးနဲ့ မြေသယ်ယာဉ် ၁၅စီးတို့နှင့်အတူ အင်ဂျင်နီယာအင်အား၊ စက်ယန္တရားအင်အားများဖြင့် စတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ ရက်သတ္တ သုံးပတ်အတွင်း ယာဉ်များ ဖျာပုံမှ ဘိုကလေးသို့ မိုးမကျမီအခြေအနေအတိုင်း ပုံမှန်ပြန်လည်ပြေးဆွဲမောင်းနှင်နိုင်ခဲ့ကြောင်း၊ ခရီးသွားပြည်သူများ သွားလာဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးအတွက် အားစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုမြင်တွေ့ရသည့်အတိုင်း စက်တင်ဘာ ၁၄ရက်နေ့မှစပြီး ခရီးသွားယာဉ်များ၊ ယာဉ်ငယ်များနှင့် ဆိုင်ကယ်များ ပြေးဆွဲခုတ်မောင်းနေပြီဖြစ်ကြောင်း" ရှင်းလင်းပြောပြသည်။

အပူဒဏ်သက်သာ

ဇင်းဘောင်စခန်းမှ ထွက်တော့ မွန်းတည့် ၁၂နာရီ ရှိပြီး မိုးကြားထဲမှ ထိုးထွက်လာသည့် နေရောင်ခြည်သည် စူးစူးရဲရဲ ပူပြင်းလှသည်။ တစ်ခါတစ်ခါ စပါးခင်းများဆီမှ ဖြတ်သန်းယူဆောင်လာသော လေနုအေးကလေးများက ကလူကျီစယ်သဖြင့် အပူဒဏ်မှ သက်သာခွင့် ရကြသည်။

> "ကားလမ်းကောင်းသွားပြီဆိုတာ သိရလို့ ဝမ်းသာပါတယ်။ အခုကိုယ်တိုင် ဖျာပုံ-ဘိုကလေးကားကို စီးကြည့်တာပါ။ ခရီးသည်အားလုံးလည်း စိတ်ချမ်းမြေ့ပျော်ရွှင်ကြပါတယ်"
>
> ခရီးသည် ဦးထွန်းကြည်

မျက်မြင်တွေ့ခဲ့ရ

ဘိုကလေး-ဖျာပုံ ကျောက်ချောလမ်းပေါ်တွင် စိတ်ချမ်းမြေ့စွာ ယာဉ်များ မောင်းနှင်နေသည်ကိုတွေ့မြင်နေရပြီး လမ်းပိုမိုချောမွေ့ပြီး ယာဉ်ကြောရှင်းသော နေရာများတွင် အရှိန်မြင့်၍ပင် မောင်းနှင်နေသည်ကို မျက်မြင်တွေ့ခဲ့ရသည်။

ဘိုကလေးမှသည် ဖျာပုံအထိ လမ်းခရီးတွင် ကျေးရွာ ၁၂ ရွာကို ဖြတ်သန်းမောင်းနှင်ခဲ့ရသည်။ ကားလမ်း၏ ညာဘက်တွင် အပြောင်ချောင်းရှိသည်။ အပြောင်ချောင်းကား ဖျာပုံ-ဘိုကလေး ကားလမ်းနှင့် အပြိုင် ယှဉ်တွဲနေသည်။ ဖျာပုံ-ဘိုကလေး ကားလမ်း ပြုပြင်ရသောအခါ အပြောင်က လိုအပ်သော အကူအညီကို ပေးသည်။ ပြုပြင်ရန်အတွက် ကျောက်များကို ဧရာဝတီတိုင်း ငပုတောမြို့နယ် ငှက်ပေါက်ကျေးရွာနှင့် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာတို့မှ ကျောက်လှေကြီးများဖြင့် သယ်ယူခဲ့ကြသည်။ ကျောက်စုပုံစခန်းအဖြစ် ဘိုကလေးမြို့နယ် နတ်ချောင်း၊ ကုလားကြီးချောင်းနှင့် ဖိုးရွှေလုံးကျေးရွာများကို အသုံးပြုခဲ့ရပြီး အပြောင်ချောင်းမှ တစ်ဆင့် ကျောက်သယ်လှေငယ်များဖြင့် လိုရာခရီးသို့ ရွှေ့ပြောင်းသယ်ယူခဲ့ရခြင်းဖြစ်သည်။

စိမ်းစိမ်းစိုစို

ထို့ကြောင့်လည်း အပြောင်က ဘိုကလေး-ဖျာပုံလမ်းကို ဤမျှအထိ အကျိုးပြုခဲ့ရခြင်း ဖြစ်ပါသည်။ မကြာလိုက်ပါ။ နာရီဝက်ခန့်မောင်းနှင်ပြီးသောအခါ ဖျာပုံမြို့ကို ဘိုကလေး-ဖျာပုံကားလမ်းပေါ်မှ လှမ်းမြင်နေရသည်။ နေအိမ်၊ တိုက်တာအဆောက်အအုံများ သစ်ပင်ပန်းမန်များ စိမ်းစိမ်းစိုစိုမြင်ကွင်းကို တွေ့မြင်လိုက်ရသည်။ မျက်စိ အေးစဖွယ်ပင်။

စီးပွားရေးတိုးတက်မှု

ဖျာပုံမြို့သည် ပင်လယ်တံခါးဝမြို့ဖြစ်ပြီး ပင်လယ်ကုန်များ ရောင်းဝယ်ဖလှယ်နေရာဒေသလည်းဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော ခရိုင်မြို့ တစ်မြို့လည်းဖြစ်သည်။ လွန်ခဲ့သောငါးနှစ်ခန့်က စာရေးသူ ဖျာပုံမြို့သို့ တစ်ခေါက်ရောက်ခဲ့ဖူးသည်။ ဤမျှလောက်အထိ ဖွံ့ဖြိုးတိုးတက်မှုမရှိသေး။ ယခုမူ မြင်ကွင်းများမှာ သိသိသာသာ ပြောင်းလဲတိုးတက်သွားချေပြီ။ နေအိမ်၊ တိုက်တာအဆောက်အအုံများ အကွက်ချပုံဖော်ထားသော လမ်းများ၊ သစ်ပင်ပန်းမန်ရှုခင်းများဖြင့် သန့်ရှင်းသပ်ရပ်နေသည်။ ခရိုင်အဆင့်နှင့်အညီ နေချင်စဖွယ်ကောင်းသော မြို့တစ်မြို့ပင် ဖြစ်သည်။

ဖျာပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်ရှုပြီးနောက် စာရေးသူတို့ ယာဉ်တန်းသည် မွန်းလွဲ ၂နာရီတွင် ဖျာပုံမြို့မှ ဘိုကလေးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ အပြန်လမ်းတွင် နောင်တော်ကြီးကျေးရွာ မိုင်တိုင် ၉/၂ တွင် ခေတ္တရပ်နားကြပြီး အစုအဖွဲ့အလိုက် လမ်းပြင်နေသည့် မြင်ကွင်းများကို ကြည့်ရှုခဲ့ကြသည်။

စာရေးသူသည် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။ "ကျွန်တော်တို့အဖွဲ့အနေနဲ့ ဖျာပုံ-ဘိုကလေး ကားလမ်းမှာ ဇွက်တန်းရှည် ၈မိုင် ၆ဖာလုံ ဇွက်ကွက်ကြား ၃မိုင် ၄ဖာလုံနဲ့ လမ်းပေါက်ဖာခြင်း ခုနစ်မိုင်တို့ကို အဓိကထားပြီး အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြတဲ့အတွက် ကားလမ်းဟာ မိုးမကျမီ အခြေအနေအတိုင်း ယာဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနေကြပါပြီ။ ဘိုကလေး-ဖျာပုံလမ်းမှာ ကိုယ်ပိုင်ယာဉ်များနဲ့ တစ်နာရီသာ မောင်းနှင်ကြရပြီး ခရီးသည် မော်တော်ယာဉ်များလည်း ၂နာရီလောက်ပင် မောင်းနှင်ရပါတယ်။ ပွင့်လင်းရာသီရောက်တဲ့အထိ ကားလမ်းကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုပါတယ်။ ကျွန်တော်တို့တွေ ဘယ်လောက်ပင်ပန်းပင်ပန်း ခရီးသွား ပြည်သူတွေ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနေတာ မြင်ရရင် ဝမ်းသာကျေနပ်ပျော်ရွှင်နေပါတယ်"ဟု ဦးစိုးသန်းက ရှင်းလင်းပြောပြသည်။

ပျော်ပျော်ရွှင်ရွှင်

ထိုအချိန်တွင် ဖျာပုံမှ ဘိုကလေးသို့ ခရီးသည်များတင်ဆောင်ပြီး မောင်းနှင်လာသော မအူပင်တက္ကသိုလ်၊ ဘိုကလေး-ဖျာပုံ-ကျိုက်လတ်-မအူပင်ကားကို တွေ့မြင်လိုက်ရသည်။ ကားပေါ်တွင် ခရီးသည် ၁၅ဦး လိုက်ပါလာကြသည်။ ခရီးသည်များက ပျော်ပျော်ရွှင်ရွှင်ပင်။

တွေ့ဆုံမေးမြန်း

ဖျာပုံ-ဘိုကလေး ကားလမ်းတွင် ပြေးဆွဲနေသော ယာဉ်မောင်း ကိုဟန်ဝင်းဇော်နှင့်လည်း စာရေးသူ တွေ့ဆုံမေးမြန်းခွင့် ရခဲ့ပြန်သည်။

"စက်တင်ဘာ ၁၄ရက်မှစပြီး ပုံမှန်ပြန်လည်ပြေးဆွဲနေပါပြီ။ ကားထွက်ချိန်ကတော့ ဘိုကလေးမှ နံနက် ၇နာရီ၊ ဖျာပုံ ၈နာရီ၊ ဘိုကလေးမှ နံနက် ၁၀နာရီ၊ ဖျာပုံ မွန်းတည့် ၁၂နာရီ၊ ဘိုကလေးမှ မွန်းတည့် ၁၂နာရီ၊ ဖျာပုံ မွန်းလွဲ ၂နာရီ၊ ဘိုကလေးမှ မွန်းလွဲ ၂နာရီ၊ ဖျာပုံ ညနေ ၄နာရီ ရောက်ရှိပါတယ်။ ဘိုကလေးမှ စီးလျှင် ဘောလုံးကွင်းထောင့်က ကားထွက်ပြီး ဖျာပုံကစီးရင် အဝေးပြေးကားဂိတ်က ထွက်ပါတယ်"ဟု ရှင်းလင်းပြောပြသည်။

အားပါးတရ

တစ်ဆက်တည်းပင် ယာဉ်ပေါ်လိုက်ပါလာသော ခရီးသည် ဦးထွန်းကြည် (၆၅)နှစ်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပြန်သည်။ "ကျွန်တော်ကတော့ ဖျာပုံမြို့နယ် လမုကြီးလေးဌမှာနေပါတယ်။ ဘိုကလေးမြို့က အမျိုးတွေဆီ အလည်အပတ်သွားတာပါ။ ကားလမ်းကောင်းသွားပြီဆိုတာ သိရလို့ ဝမ်းသာမိပါတယ်။ အခုကိုယ်တိုင် ဖျာပုံ-ဘိုကလေးကားလမ်းကို စီးကြည့်တာပါ။ ခရီးသည်အားလုံးလည်း စိတ်ချမ်းမြေ့ ပျော်ရွှင်နေကြပါတယ်။ ခရီးသွားရတာ စိတ်ကြည်လင် လန်းဆန်းသွားလို့ ပျော်ရွှင်မိပါတယ်"ဟု အားပါးတရ ပြောပြသည်။

ဘိုကလေးမြို့အဝင် နတ်ချောင်းတံတားထိပ်တွင် အေးမြသော လေနုအေးကလေးများနှင့် ထိတွေ့ခံစားမိကြသည်။

ထပ်တူပျော်ရွှင်ကြည်နူး

ဖျာပုံ-ဘိုကလေးကားလမ်း ပုံမှန်ခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ခြင်းသည် လမ်းပန်းဆက်သွယ်မှု အဆင်ပြေစွာဖြင့် အချိန်တိုကာလအတွင်း လိုရာခရီးသို့ သွားရောက်နိုင်အောင် ခရီးသွားပြည်သူများအတွက် ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်သဖြင့် စာရေးသူလည်း ထပ်တူပျော်ရွှင်ကြည်နူးမှုကို ခံစားမိပါကြောင်း သတင်းမြင်ကွင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ဝါကျွတ်ဓလေ့

* ဝါတွင်းကာလ၊ ဌာနနတ်ပြည်
မြတ်စွာဘုရား၊ ဟောကြားတော်မူသည်
ထူးမြတ်ဂုဏ်ရည်၊ ခိုင်ကျည်လေးနက်
ကျမ်းအဘိဓမ္မာ၊ ပြီးဆုံးရာ
ချိန်ခါထွက်မြတ် ရက်ပေမို့လေး။

* ဗုဒ္ဓါဆင်းသက်၊ မှန်းလျက်မျှော်ရည်ကာ
ကြည်ညိုမှန်းဆ၊ ထွန်းပ ရောင်စုံဖြာ
လင်းထိန်လက်စွာ၊ စဉ်လာမယွင်း
မြင်းမိုရ်ပွဲတော်၊ နွဲ့ရွှင်ပျော်
ပူဇော်သဘင် ကျင်းသည်နှင့်လေး။

* ကြည်လင်ပဝင်း၊ လွတ်ကင်းတိမ်လွှာ
တာရာရွှေကြီး၊ ထိန်ညီးကောင်းကင်မှာ
လနှင့် ယှဉ်ကာ၊ ရောင်ဖြာလင်းဆဲ
အသဝဏီ၊ တူရာသီ
စုံညီဝင်းပ နွဲ့ချိန်မို့လေး။

* ပဝါရဏာပွဲ၊ ဆင်နွှဲသံဃာရှင်
မိဘ ဘိုးဘွား၊ ညွှတ်တွားရှိဦးတင်
စည်ဗြောသံလွှင်၊ ကြည်ရွှင်ဒါန
ဘုရားကျောင်းကန်၊ ဆုထူးပန်
နိဗ္ဗာန်ရည်စူးကြသည်နှင့်လေး။

* မြန်မာပီသ စဉ်အလာ ဆင်ကာနွှဲတော့သည်။
သဒ္ဓါ သီလ ရင်မှာ အစဉ်သာမြဲတော့သည်။ ။

မောင်မောင်မိုးအောင်

သိမ်တောင်ဆရာတော်၏ အန္တိမအဂ္ဂိစျာပနကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

စက်တင်ဘာ ၁၆ရက် ည ၁၁နာရီ ၂၅မိနစ်တွင် ပျံလွန်တော်မူသော ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆဋ္ဌသံဂါယနာပုစ္ဆကဝိဿဇ္ဇနကနိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက သိမ်တောင်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိက သက်တော် ၉၅နှစ်၊ သိက္ခာတော် ၇၅ဝါ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်ကို အောက်တိုဘာ ၁၀ရက် မွန်းလွဲ ၁နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပြည်နယ်၊ ခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ စျာပနကျင်းပရေးကော်မတီဝင်များ၊ ဆွေမျိုးများနှင့် ဒေ့ပရိသတ်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော စိန်ကတ္တီပါတော်ကြီးကို တိုင်းမှူးနှင့် ဝန်ကြီးတို့က တင်လှူမ်းပူဇော်သည်။

မီးသင်္ဂြိုဟ်ပူဇော်

ထို့နောက် ညနေ ၆နာရီတွင် တောင်ကြီးမြို့ မြို့မကွင်းရှိ လောင်တိုက်၌ မီးသင်္ဂြိုဟ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ခရီးအဖြစ်သွားရောက်ရန် အမေရိကန် ဒေါ်လာသန်း ၃၀ ခန့် သက်ဆိုင်ရာ အာကာသ အေဂျင်စီသို့ ပေးဆောင်ခဲ့ရသည်။

လွှတ်တင်

အဆိုပါအာကာသခရီးသည် လိုက်ပါသည့် ဆိုယုဒ်တီအမ်အေ-၁၃ အာကာသယာဉ်ကို ကာဇက်စတန် ရှိဘိုင်ကိုနာ အာကာသလွှတ်တင်ရေးစခန်းမှ ဂရင်းနစ်စံတော်ချိန် နံနက် ၇နာရီနှင့် ၁မိနစ်တွင် လေထုအတွင်းသို့ လွှတ်တင်ပေးလိုက်ခြင်း ဖြစ်သည်။

ရစ်ချတ်၏ ဖခင် အိုဝင်ဂါရီရှေ့တ်သည် ၁၉၇၃ခုနှစ်က နိုင်ငံတကာ အာကာသစခန်း၌ ရက်ပေါင်း၆၀ကြာ နေထိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် အာကာသ၌ ရှိနေစဉ်အတွင်း ကမ္ဘာမြေ၏ ဓာတ်ပုံများကို ရိုက်ကူးပေးနိုင်ခဲ့သည်။

ထောက်ပံ့ကူညီ

အသက် ၇၇နှစ်ရှိ အိုဝင်သည် မော်စကိုရှိ အာကာသထိန်းချုပ်ရေးမစ်ရှင်မှနေ၍ ၎င်း၏သားအတွက် လိုအပ်သည်များ ထောက်ပံ့ကူညီပေးသွားမည်ဟု ဆိုသည်။

အသက် ၄၇နှစ်ရှိ ရစ်ချတ်ဂါရီရှေ့တ်သည် ကွန်ပျူတာဂိမ်း ဒီဇိုင်နာတစ်ဦး ဖြစ်သည်။ ၎င်းနှင့်အတူ အမေရိကန် အာကာသယာဉ်မှူး မိုက်ဖင်ကေးနှင့် ရုရှား အာကာသယာဉ်မှူး ယူရီလွန်ချာကော့ဗ်တို့လည်း လိုက်ပါသွားကြသည်။(အင်တာနက်)

အရာတော်မြို့နယ်၌ ရေတွင်းတူးဖော်

အရာတော် အောက်တိုဘာ ၁၃

အရာတော်မြို့နယ် မော်တောကျေးရွာအုပ်စု ရွှေကုန်းကျေးရွာတွင် ၂၀၀၈-၂၀၀၉ စည်ပင်ဘတ်ဂျက် ခွင့်ပြုငွေဖြင့် နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းအား အမှုဆောင်အရာရှိ ဦးသိန်းမင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကျေးလက်ရေပေးရေး ကွင်းဆင်း စစ်ဆေး

စလင်း အောက်တိုဘာ ၁၃

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ဘိုးတော်စမ်းကျေးရွာ နှစ်လက်မ တုံကင်တွင်း တုံကင်တပ်ဆင်ခြင်းနှင့် ညောင်ကျေးရွာ နှစ်လက်မ စက်ရေတွင်း အင်ဂျင်တပ်ဆင်နေမှုတို့ကို မြို့နယ်စည်ပင် အမှုဆောင် အရာရှိ ဦးသန်းဦးနှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦးတို့က စက်တင်ဘာ ၃၀ရက်က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ပို့ဆောင်ရေးဝန်ကြီးဌာနက ကျောက်တန်းမြို့ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်တန်းမြို့ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာနက ကျောက်တန်းမြို့ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ ရွှေမှော်ဝန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် (ကျောက်တန်းမြို့နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းက ကျောက်တန်းမြို့ လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ငွေကျပ် ၇၇၅သိန်းကိုလည်းကောင်း၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးနှင့် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပါမောက္ခချုပ် (တာဝန်)ဦးချာလီသန်းတို့က အဝတ်အထည်၊ အစားအသောက်နှင့် ဆေးဝါးများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်း

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ကျောက်တန်းမြို့နယ် ပြန်လည်ထူထောင်ရေးအတွက် ယခုလှူဒါန်းမှု အပါအဝင် ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊အထွေထွေ လူသုံးကုန်ပစ္စည်း၊ ကျောက်တန်းမြို့နယ်နှင့် တံတားမြို့တို့အတွက် စုစုပေါင်း ငွေကျပ် ၂၈၅၄၉၁၅၉၀ လှူဒါန်းပြီးကြောင်း သိရသည်။ **(သတင်းစဉ်)**

ကယားပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

ကယားပြည်နယ် ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ရက် နံနက် ၉နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းက မူကြိုအရွယ်ကလေးများအတွက် အာဟာရချက်ပြုတ်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးသည်။

တိုက်ကျွေး

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီး၊ တာဝန်ရှိသူများက ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပြီး**(အောက်ပုံ)**ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများကို ဝေငှပေးကာ အိုင်အိုဒင်းဆားများ အရည်အသွေး စစ်ဆေးပေးကြသည်။

ကြည့်ရှုအားပေး

ပြည်နယ်ဥက္ကဋ္ဌ၊ဇနီးနှင့် တက်ရောက်လာကြသူများက ပြခန်းတွင်ပြသထားသည့် ဆုရ စာစီစာကုံးများ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄-၁၀-၂၀၀၈ ရက်(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်၏ ဥပွါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(အဖွဲ့ဝင်) (ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ဟောကြားတော်မူအပ်သော **အဘိဓမ္မာသီစရာတရားတော်**
၈:၁၀ ၅။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)**
၈:၃၀ ၆။ International News
၈:၄၀ ၇။ Islands of Dhamma
၈:၄၅ ၈။ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)တိပိဋက မဟာဂန္ဓာဝင်ကျောင်းတိုက် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ အမှတ်(၃)အခြေခံပညာဦးစီးဌာန သတ္တမအကြိမ် ပဋ္ဌာန်းဒေသနာ ရွတ်ဆို ပူဇော်ပွဲ (ပထမဆု) (အထက-၁၊ ဒဂုံ)
၄:၄၀ ၃။ ဝါကျွတ်တေးများ
၄:၅၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၅။ ဆိုကြမယ်ပျော်ကြမယ်
၅:၄၀ ၆။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက ၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀ နှစ်)အဆင့် (အမျိုးသား)**
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၃၀ ၈။ မိုးလေဝသအခြေအနေ
၆:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၂၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်**(အပိုင်း-၁၈)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာ သတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်**(အပိုင်း-၁၈)
၁၆။ သီတဂူဆရာတော်ကြီး၏ အဘိဓမ္မာအခါတော်နေ့ တရားတော်
၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၁၈။ အစီအစဉ်ပြီး၏။

မြောင်းမြခရိုင် ပြန်/ဆက် ဦးစီးဌာနကြီးမှူး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြသ

ရန်ကုန် အောက်တိုဘာ ၁၃

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းသည် စက်တင်ဘာ ၂၆ရက်က မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူးကျင်းပသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲသို့ ရောက်ရှိပြီး မြောင်းမြပညာရေးကောလိပ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသူများအား ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။**(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြောင်းမြပညာရေးကောလိပ် ကျောင်းအုပ်ဆရာကြီးနှင့် ကထိကများ၊ ဆရာ ဆရာမများ၊ ဌာနမှူးများနှင့် သင်တန်းကျောင်းသူများ တက်ရောက်ကြပြီး စိတ်ဝင်စားစွာ လေ့လာမှတ်သားကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး အလေးထားဆောင်ရွက်

ကောလင်း အောက်တိုဘာ ၁၃

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေး၊ ကျေးလက်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး အလေးထား ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းကြည့်ရှု

စက်တင်ဘာ ၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဇင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် တာဝန်ရှိသူများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် လမ်းတံတားတည်ဆောက်မှု မြေသားပြုပြင်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှမျိုးဝင်းက ရှင်းလင်းတင်ပြကြောင်း သိရသည်။ (ဝ၃၂)

စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ အထွက်နှုန်းတွက်ချက်ပြုစုခြင်း နည်းလမ်း ရှင်းလင်းဆွေးနွေး

ဖလမ်း အောက်တိုဘာ ၁၃

ဖလမ်းခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလှအောင်သည် စက်တင်ဘာ ၂၂ရက် နံနက် ၁၁နာရီခွဲက တီးတိန်မြို့နယ်ရုံး အဆောက်အအုံ အခြေအနေများကိုစစ်ဆေးသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသည့် စပါး၊ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၏ အထွက်နှုန်းတွက်ချက်ပြုစုခြင်း နည်းလမ်းအဆင့်ဆင့်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဥတုရာသီ တောက်မှီ၏

ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် ပုဂံရိုးရာယဉ်ကျေးမှုပုံစံမပျက် တည်ဆောက်ထားသော ပုဂံမြေမှ Aureum Palace Hotel Resort အား ဝေဟင်မှ

* *ကျော်ဖုံးမှ*

မြန်မာတို့၏ ဗိသုကာလက်ရာ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အလှအပရှုခင်းများ စုဝေးရာနေရာဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ **'လှေကိုလက်ဖြင့်မလှော်၊ ခြေဖြင့်လှော်၊ အိမ်ကို ကုန်းတွင်မဆောက်၊ ရေတွင်ဆောက်'** ဆိုသည့် အင်းသားတို့၏ ထူးဆန်းသောဓလေ့နှင့် သဘာဝက ဖန်တီးပေးထားသော တောင်ပေါ်ကုန်းတွင်းရေကန်ဖြစ်သည့် အင်းလေးကန်တို့အပါအဝင် မြန်မာနိုင်ငံ၏ အလှအပများ၊ လှေလာစရာများသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာတို့၏ ဖော်ရွေပျူငှာသော ဆက်ဆံမှုများကြောင့်လည်း အာရှနိုင်ငံများသာမက ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များပါ မြန်မာနိုင်ငံသို့ စိတ်ဝင်တစား လာရောက်လေ့လာ လည်ပတ်နေကြခြင်းဖြစ်သည်။

မြန်မာတို့၏ ဖော်ရွေပျူငှာသော ဆက်ဆံမှုကြောင့် အာရှနိုင်ငံများသာမက ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များပါ မြန်မာနိုင်ငံသို့ ဤသို့ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိကြသည်။

ရှေးဟောင်းအဆောက်အအုံ

ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျှင် မရောက်မဖြစ် ရောက်အောင်သွားသည့်နေရာများတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေလည်း အပါအဝင်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်တစ်ထောင်ကျော်က စတင်ပေါ်ထွန်းခဲ့သော နေရာဒေသဖြစ်သောကြောင့် ရှေးခေတ်အနုပညာလက်ရာများ၊ ဗိသုကာဒီဇိုင်း ရှေးဟောင်းအဆောက်အအုံများကို တစ်စုတစ်ဝေးတည်း လေ့လာနိုင်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်နှင့်အညီ စေတီ၊ ပုထိုးများလည်း ပေါများလှသည်။

ထို့ပြင် တောင်တန်းကြီးကို နောက်ခံထား၍ မြင်ရသည့် ပုဂံခေတ်မှ ယနေ့ကာလအထိ ထိန်းသိမ်းထားသည့် စေတီပုထိုးများ၊ ရွှေရောင်တဝင်းဝင်းနှင့် မြင်တွေ့ရသည့် စေတီများနှင့် သဘာဝရှုခင်းများ၊ ပုဂံဘုရားများပေါ်မှ ကြည့်ရှုခံစားနိုင်သည့် နေဝင်ဆည်းဆာ၊ နေထွက်အလှ မြင်ကွင်းများကြောင့်လည်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ လူသိများ ထင်ရှားလျက်ရှိသည်။

၁၉စတုရန်းမိုင်ကျယ်ဝန်း

ပုဂံခေတ်ရှေးဟောင်းယဉ်ကျေးမှုဒေသသည် ၁၉စတုရန်းမိုင် ကျယ်ဝန်းပြီး လက်ရှိ ရှေးဟောင်းအဆောက်အအုံနှင့် စေတီပုထိုးပေါင်း ၂၀၀၀ကျော်နှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကဆိုင်ရာ အုတ်ကုန်းပေါင်း ၈၀၀ကျော် တည်ရှိသည်။

အနုပညာလက်ရာ

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြေသည် ပုဂံခေတ်သာမက နှောင်းခေတ်အဆက်ဆက်၏ အနုပညာလက်ရာများကို တစ်နေရာတည်း လေ့လာနိုင်သော ဘူမိနက်သန် နေရာလည်းဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာ ပုဂံသည် အေဒီ(၁၁)ရာစုမှ (၁၃)ရာစုကျော်အထိ တိုးတက်ထွန်းကားခဲ့သော ရှေးဟောင်းမြို့တော်ကြီးတစ်ခုလည်းဖြစ်သည်။

ပုဂံဒေသရှိ မြန်မာတို့၏ ဗိသုကာလက်ရာ၊ ရှေးဟောင်းအမွေအနှစ်များကို ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် အနော်ရထာမင်း၏ နန်းတော်တည်ရှိခဲ့သည့်နေရာကို ပြန်လည်တူးဖော် တည်ဆောက်ထားသည့် နန်းတော်ရာနေရာတို့မှာလည်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ပိုမိုပီပြင်စေသည်။

သဘောကျနှစ်ခြိုက်

ထိုသို့ ကမ္ဘာအနှံ့အပြားတွင် လူသိများပြီး ကျော်ကြားသော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာလှည့်ခရီးသည်အများစုက မြန်မာနိုင်ငံကို ရောက်လျှင် ရောက်အောင်သွားကြသည်၊ လေ့လာစေ့ငုကြသည်။ မြန်မာတို့၏ အနုပညာလက်ရာများကို တအံ့တသြဖြစ်ကြသည်။ စာဖွဲ့၍မကုန်နိုင်သော ပုဂံရှုခင်းများကို ခံစားကြသလို ဒေသထွက်ကုန်များ၊ အမှတ်တရပစ္စည်းများကိုလည်း နှစ်ခြိုက်စွာ ဝယ်ယူကြသည်။ ကမ္ဘာလှည့်ခရီးသည်များ သဘောကျနှစ်သက်စေရန်အတွက်လည်း ဟိုတယ်များ၊ ဆိုင်များက ဝန်ဆောင်မှုပေးကြသည်။

ဆွဲဆောင်နိုင်သည်

ပုဂံ၊ ညောင်ဦးဒေသရှိ ဟိုတယ်များအနက် ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာရှိ Aureum Palace Hotel Resort က ထူးခြားသည်။ ရှေးဟောင်းပုဂံဒေသ၏ ဓလေ့ထုံးစံကို မပျောက်ပျက်စေသလို အနောက်တိုင်းမဆန်သည့် ဟိုတယ်အပြင်အဆင်များက လာရောက်သူတိုင်းကို ဆွဲဆောင်နိုင်သည်။ ဟိုတယ်အဝင်ဝတွင် ပုဂံခေတ် သူရဲကောင်းလေးဦး၏ရုပ်တုကို စီမံထားသလို အဝင်လမ်းတစ်လျှောက် ပြင်ဆင်ထားမှုက တစ်မျိုးဆန်းကြယ်သည်။ အခန်းပြင်ဆင်မှုကလည်း ပုဂံခေတ်ပုံစံကို မပျောက်မပျက်စေ၊ ခိုင်ခံ့သောသစ်သားများဖြင့် အတွင်းပိုင်းကို ပြင်ဆင်ထားပြီး အပြင်ပိုင်းကိုမူ အုတ်အနီများဖြင့် ဒီဇိုင်းဆင်ထားသည်။ ပရိဘောဂများကိုလည်း မြန်မာမှု၊ မြန်မာ့ဟန်ဖြစ်သည့် ကြိမ်ထည်များ၊ ပန်းကနုတ်များဖြင့် တန်ဆာဆင်ထားရာ တိုက်တာကြီးများအကြား နေထိုင်သွားလာနေရသော ကမ္ဘာလှည့်ခရီးသည်များကို ခံစားမှုတစ်မျိုးဖြစ်စေသည်က အမှန်ပင်ဖြစ်သည်။

မျက်စိပသာဒ

Aureum Palace Hotel ပေါ်မှမြင်ရသည့် ရှုခင်းများကလည်း မျက်စိပသာဒ ဖြစ်လှသည်။ ဧရာဝတီမြစ်ကမ်းနံဘေးမှ မှိုင်းညို့ညို့တောင်တန်းကြီးများကို နောက်ခံထား၍ ပုဂံဒေသရှိ တန်ခိုးကြီးဘုရားများအပါအဝင် ဘုရားပေါင်းစုံကို မြင်တွေ့ရသည်။ ကမ္ဘာလှည့်ခရီးသည်များ တကူးတက ကြည့်ရှုလေ့ရှိသော နေဝင်မြင်ကွင်းကိုလည်း တန့်ကြည့်တောင်ပေါ်မှ တန့်ကြည့်တောင်ဘုရား၊ အာနန္ဒာဘုရားတို့နှင့် ယှဉ်တွဲ၍ ကြည့်ရှုနိုင်ရာ ခံစားမှုမျိုးစုံ၊ ရသမျိုးစုံကို ဖြစ်ပေါ်စေသည်။ Aureum ရေကန်အတွင်းတွင် သီးခြားကျွန်းတစ်ကျွန်းသဖွယ် ဖန်တီး၍တည်ဆောက်ထားသော ဘန်ဂလိုလေးလည်းရှိသည်။

စွယ်တော်လေးဆူ

Aureum Palace ဟိုတယ် အဝင်အဝနားတွင် တည်ရှိသော နန်းမြင့်မျှော်စင်ကျွန်းကြောင့်လည်း ယင်းဟိုတယ်ကို လူပိုသိစေသည်။ နန်းမြင့်မျှော်စင်

ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်

ရှေးဟောင်းမြန်မာမှု၊ မြန်မာ့ဟန်၊ ... ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟို... များကို ဆွဲဆောင်နိုင်စွမ်းသည်။

...ace Hotel Resort အား ဝေဟင်မှ တွေ့ရသည့်အလှပသာဒ။

...ပြီး အပြင်ပိုင်းကိုမူ အုတ်အနီများဖြင့် ဒီဇိုင်းဆင်ထား...သည်း မြန်မာမှု၊ မြန်မာ့ဟန်ဖြစ်သည့် ကြိမ်ထည်များ၊ ...ဆင်ထားရာ တိုက်တာကြီးများအကြား နေထိုင် ...ည့်ခရီးသည်များကို ခံစားမှုတစ်မျိုးဖြစ်စေသည်က

မျက်စိပသာဒ

Hotel ပေါ်မှမြင်ရသည့် ရှုခင်းများကလည်း ...ဧရာဝတီမြစ်ကမ်းနံဘေးမှ မှိုင်းညို့ညို့တောင်တန်း ...၍ ပုဂံဒေသရှိ တန်ခိုးကြီးဘုရားများအပါအဝင် ...ရသည်။ ကမ္ဘာလှည့်ခရီးသည်များ တကူးတက ...င်ကွင်းကိုလည်း တန့်ကြည့်တောင်ပေါ်မှ တန့်ကြည့် ...ားတို့နှင့် ယှဉ်တွဲ၍ ကြည့်ရှုနိုင်ရာ ခံစားမှုမျိုးစုံ ...ည်။ Aureum ရေကန်အတွင်းတွင် သီးခြား ...တီး၍တည်ဆောက်ထားသော ဘန်ဂလိုလေးလည်း

စွယ်တော်လေးဆူ

...ကိုတယ် အဝင်အဝနားတွင် တည်ရှိသော နန်းမြင့် ...ယင်းဟိုတယ်ကို လူပိုသိစေသည်။ နန်းမြင့်မျှော်စင် ပေါ်မှကြည့်လျှင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ ရှုခင်းများကို မြင်တွေ့နိုင်သည်။ နေထွက်၊ နေဝင်ကိုလည်း ခံစားနိုင်သည်။ ယင်းမျှော်စင်ပေါ်မှ အထူးစီမံထားသော မှန်ပြောင်းဖြင့် ပုဂံဒေသ၏ တန်ခိုးကြီး စွယ်တော်လေးဆူဖြစ်သည့် ရွှေစည်းခုံဘုရား၊ တန့်ကြည့်တောင်ဘုရား၊ တုရင်တောင်ဘုရားနှင့် လောကနန္ဒာဘုရားတို့ကို တစ်ပြိုင်တည်းဖူးမြော်နိုင်သည်။ နန်းမြင့်မျှော်စင်ကို ၂၀၀၃ခုနှစ် ဇူလိုင်လ ၇ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ခုနှစ် ဧပြီ၈ရက်၌ ပြီးစီးခဲ့သည်။ ၂၀၀၅ခုနှစ် ဧပြီ၁၀ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အမြင့်၁၉၈ပေရှိကြောင်း သိရသည်။

ပိုမိုဖွံ့ဖြိုးတိုးတက်အောင်

သဘာဝအလှအပတရားများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထုံမွမ်းနေသော မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များ သဘောကျ နှစ်ခြိုက်ကြသည်။ တစ်ကြိမ်ရောက်ဖူးပါက နောက်တစ်ကြိမ် ထပ်မံလာလည်ချင်ရန် မြန်မာ့အလှအပများက ဆွဲဆောင်နေသည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေမှုများကိုလည်း အသိအမှတ်ပြုကြသည်။ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်သော နေရာဒေသများထက် ရှိရင်း ပိုမိုလှပအောင်၊ ဆွဲဆောင်နိုင်အောင် ကြိုးပမ်းပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း သတင်းမြင်ကွင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

...ည်များကို ...နိုင်

ရှေးဟောင်းမြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုလက်ရာများဖြင့် တည်ဆောက်ထားသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဟိုတယ်များကလည်း ဝန်ဆောင်မှုအပြည့်ဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်စွမ်းသည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ ကြည်ညိုဖွယ် စေတီပုထိုးများ၊ ပုဂံ၏ နေဝင် နေထွက် အလှအပများကို နန်းမြင့်မျှော်စင်ပေါ်မှ ကြည့်ရှုခံစားနိုင်ကြသည်။

သဘာဝအလှအပတရားများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထုံမွမ်းနေသော မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များ သဘောကျ နှစ်ခြိုက်ကြသည်။ တစ်ကြိမ်ရောက်ဖူးပါက နောက်တစ်ကြိမ် လာလည်အောင် မြန်မာနိုင်ငံရှိ အလှအပများက ဆွဲဆောင်နေသည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေမှုများကိုလည်း အသိအမှတ်ပြုကြသည်။

ပဋ္ဌာန်း ၂၄ပစ္စည်းဆုတောင်း

ရတနာစည်ဆရာတော် (လှိုင်လင်)

အဘိဓမ္မာအသံ

သီတင်းကျွတ်တော့မည်ဆိုလေတိုင်း မြို့နယ်အနှံ့၊ ဒေသအနှံ့ အဘိဓမ္မာဒေသနာ အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပလေ့ရှိကြသည်မှာ မြန်မာနိုင်ငံသားတို့၏ သဒ္ဓါဗလ၊ ဝီရိယဗလ၊ သတိဗလ၊ သမာဓိဗလ၊ ပညာဗလဟူသော ဗလငါးသွယ် ပြည့်ကြွယ်ပုံကို ဖော်ညွှန်းသော အလားရှိဘိ၏။

မှန်ပါသည်။ မြတ်ဗုဒ္ဓသည် ခုနစ်ဝါမြောက်ဝါကို တာဝတိံသာနတ်ပြည်၌ ဝါဆိုဝါကပ်တော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကို အမှူးထားကာ စကြဝဠာတိုက်တစ်သောင်းမှ တညီတညွတ်တည်း ရောက်ရှိလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံးလတိုင်တိုင် ဟောကြားတော်မူခဲ့ရာ ယင်းဖြစ်စဉ်ဖြစ်ရပ်အပေါ် ယုံကြည်မြတ်နိုးကြသည့် မြန်မာနိုင်ငံသား ရဟန်းရှင်လူတို့က ဝါတွင်းကာလရောက်လေတိုင်း အဘိဓမ္မာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ခဲ့ကြသဖြင့် အဘိဓမ္မာအသံသည် နဘံရိုက်ဟည်းခဲ့လေ၏။

အခါတော်နေ့သတ်မှတ်ပုံ

မြတ်ဗုဒ္ဓသည် ဝါတွင်းသုံးလတာကာလပတ်လုံး အဘိဓမ္မာကိုနေ့ရောညပါ အသံမစဲ ဟောကြားတော်မူခဲ့သဖြင့် အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်မည်ဆိုလျှင် မည်သည့်နေ့ရက်ကို သတ်မှတ်မည်နည်းဟူသော မေးခွန်းမျိုး ပေါ်ခဲ့ဖူး၏။

အဘိဓမ္မာဒေသနာ စတင်ဟောကြားတော်မူသည့် ဝါဆိုလပြည့်နေ့ကို သတ်မှတ်မည်လော၊ အခြားလပြည့်နေ့များဖြစ်သည့် ဝါခေါင်လပြည့်၊ တော်သလင်းလပြည့် တစ်နေ့နေ့ကို သတ်မှတ်မည်လော၊ သို့မဟုတ် ဟောကြားမှုပြီးဆုံးရာ သီတင်းကျွတ်လပြည့်နေ့ကို သတ်မှတ်ကြမည်လော။

စတင်ဟောကြားတော်မူရာ ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာဟောကြားသည့် အခါတော်နေ့နှင့် တိုက်ဆိုင်နေသောကြောင့်လည်းကောင်း၊ ဝါခေါင်လပြည့်နေ့သည် မေတ္တသုတ်ဟောကြားသည့် မေတ္တာအခါတော်နေ့နှင့်တိုက်ဆိုင်နေသောကြောင့်လည်းကောင်း၊ တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မဇာတ်တော်ဟောကြားသည့် ဂရုဓမ္မအခါတော်နေ့နှင့် တိုက်ဆိုင်နေသောကြောင့်လည်းကောင်း ဖော်ပြပါနေ့များကို အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ရန် မသင့်လျော်ဘဲ အဘိဓမ္မာတရားဟောကြားမှုပြီးဆုံးသည့် သီတင်းကျွတ်လပြည့်နေ့ကိုသာ အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ရန် ပိဋကတ်ပညာရှင်များအားလုံးက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်မှစ၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အဖြစ် တစ်နိုင်ငံလုံး ကျင်းပခဲ့ကြပါသည်။

အစိန္တေယျတန်ခိုး

အဘိဓမ္မာဟောကြားတော်မူရာ ဒေသသည် နတ်ဒေသ၊ နတ်ပြည်ဖြစ်သလို နာယူသူများသည် တန်ခိုးရှိသောနတ်များ၊ ဗြဟ္မာများဖြစ်နေခြင်းနှင့် နတ်တို့၏အချိန်နာရီသည် လူတို့ထက်အလွန်အကဲ ရှည်လျားနေခြင်းဟူသော မတူညီနိုင်သည့် အခြေအနေကို ဟောကြားသော လူသားပုဂ္ဂိုလ် မြတ်ဗုဒ္ဓက တူညီသည့် အနေအထားရောက်အောင် ရုပအစိန္တေယျတန်ခိုး၊ ဝါစာအစိန္တေယျတန်ခိုး၊ ဉာဏအစိန္တေယျတန်ခိုး၊ ဣဒ္ဓိအစိန္တေယျတန်ခိုးများ အသုံးပြုတော်ခဲ့ရသည်နှင့်အညီ ယင်းအဘိဓမ္မာဒေသနာတော်၌ အစိန္တေယျတန်ခိုးများနှင့်သိဒ္ဓိ၊ ဣဒ္ဓိများ လွှမ်းခြုံနေတော့သည်ဖြစ်ရာ အဘိဓမ္မာဒေသနာတော်သည် အလွန်တန်ခိုးကြီးမားကြောင်း ထင်ရှားနေပါတော့သည်။

အဘိဓမ္မာအစွမ်း

လူ့ပြည်၌ နှစ်ပေါင်းတစ်ရာ ကုန်လွန်သွားချိန်သည် တာဝတိံသာနတ်ပြည်၌ တစ်ရက်(၂၄နာရီ)ဖြစ်၏။ ထို့ကြောင့် လူ့ပြည်၌ သုံးလသည် တာဝတိံသာနတ်ပြည်၌ ၁၀၈စက္ကန့် (နှစ်မိနစ်နီးပါး) မျှသာဖြစ်၏။

အဘိဓမ္မာဟောကြားသော ပုဂ္ဂိုလ်မှာ လူသားမြတ်ဗုဒ္ဓဖြစ်၍ လူ့အချိန်အရ သုံးလကြာအောင် နေ့ညမပြတ်ဟောကြားရသော်လည်း နာယူကြရသော ပုဂ္ဂိုလ်များမှာ နတ်များ၊ ဗြဟ္မာများဖြစ်၍ နတ်အချိန်(တာဝတိံသာ နတ်အချိန်)အရ နှစ်မိနစ်နီးပါးမျှသာ နာကြားရပေရာ ယင်းနတ်အချိန် အချိန်တိုကာလလေးအတွင်း နတ်ဗြဟ္မာပေါင်း ကုဋေတစ်သောင်း ကျွတ်တမ်းဝင်သွားရသည်အထိ အဘိဓမ္မာစွမ်းအားက ကြီးမားထက်မြက်လျက်ရှိသည်မှာ အံ့တစ်ပါးဖြစ်ပါ၏။

ပဋ္ဌာန်းအစွမ်း

ယင်းအဘိဓမ္မာ(၇ကျမ်း)အစွမ်းကို ထားပါဘိဦး၊ ပဋ္ဌာန်းကျမ်းတစ်ကျမ်းတည်း၏ ပင်ကိုစွမ်းရည်သည်ပင်လျှင် အံ့တစ်ပါးဖြစ်ပါဘိ၏။ အဋ္ဌသာလိနီအဋ္ဌကထာ၌ မှတ်တမ်းတင်ထားသော သီဟိုဠ်အရှင်ဂမိယတိဿဒတ္တထေရ်အကြောင်းကို ရှုပါဘိ။

ထိုအရှင်သည် မဟာဗောဓိကိုဖူးမြော်လို၍ သီဟိုဠ်မှ အိန္ဒိယသို့ ရေလမ်းခရီး သင်္ဘောစီးကြွတော်မူစဉ် အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းခိုက် ကမ်းမမြင် လမ်းမမြင် သမုဒ်ပြင်ကြီးကိုကြည့်၍ "ဤသမုဒ္ဒရာ ရေပြင်ကြီးထက် နည်းစုံပြွမ်းသော ပဋ္ဌာန်းကျမ်းကြီးက ပို၍ကျယ်ပြောပါဘိတကား" ဟု ဆင်ခြင်မိလေရာ ဓမ္မပီတိများ တဖွားဖွားတိုးပွားပြီး ထိုပီတိကိုခွာကာ ဝိပဿနာပွားများသော် တစ်ခဏချင်းအတွင်း ကိလေသာကင်း အရဟတ္တဖိုလ်ချဉ်းလျက် ရဟန္တာအဖြစ် ရောက်ရှိတော်မူခဲ့ပါသည်။

အံ့မခန်းပဋ္ဌာန်း

ယင်းပဋ္ဌာန်းကျမ်းကြီးနှင့်စပ်လျဉ်း၍ အဘိဓမ္မာပညာရှင်များလေ့လာတွေ့ရှိချက်များအနက် အောက်ပါတစ်ချက်သည်ပင်လျှင် အံ့မခန်းဖြစ်လျက်ရှိ၏။

ပဋ္ဌာန်းကျမ်းသည် ယခုဆဋ္ဌမူကျမ်းစာအားဖြင့် အုပ်ရေ ငါးအုပ်ရှိ၏။ စာမျက်နှာ ၂၆၄၀တိတိရှိ၏။ ဤသည်မှာ ပေယျာလ(မြုပ်ကွက်)များ ထည့်သွင်းရိုက်နှိပ်မထားသောကြောင့်ဖြစ်၏။ အကယ်၍ ပေယျာလအားလုံးဖော်ကာ စက်တင်ပုံနှိပ်မည်ဆိုပါလျှင် အုပ်ရေအဘယ်မျှဟု ရေတွက်ရန်မတတ်နိုင်ဖြစ်ဘိ၏။

ဥပမာ အမေးနည်း၊ အဖြေနည်းဖြင့်ဟောထားသည့် ပုစ္ဆာတစ်ရပ်တည်းကိုပင် စာကြောင်းရေ ၃၀ပါ စာမျက်နှာပေါင်း၄၀၀ကို တစ်အုပ်ထား၍ ရိုက်နှိပ်ပါလျှင် ပဋ္ဌာန်းပါဠိတော်အုပ်ရေ သုံးသန်းရိုက်နှိပ်ရမည်ဖြစ်၏။ ဤသည်မှာ အမေးတစ်ခုတည်းအတွက်သာဖြစ်၏။ အဖြေကိုပါရိုက်နှိပ်မည်ဆိုပါမူ အုပ်ပေါင်းဘယ်မျှဟု တွက်ချက်ရန် မလွယ်လွန်းလှပါလေ။ ထို့ကြောင့် "အနန္တနယ=နည်းပေါင်းအနန္တ" ဟု ပဋ္ဌာန်းကျမ်းကြီးအပေါ် တင်စားကြပါသည်။

ဤတွင် လောက၏ အကျယ်ဆုံးလေးရပ်ခေါ် သမုဒ္ဒရာလေးစင်းကို ဖော်ပြအပ်ပါ၏။

၁။ သံသာရ သာဂရ - သံသရာသမုဒ်ပြင်ကျယ်

၂။ ဇလ သာဂရ - ရေသမုဒ်ပြင်ကျယ်

၃။ နယ သာဂရ - နည်းသမုဒ်ပြင်ကျယ်(ပဋ္ဌာန်းကျမ်း)

၄။ ဉာဏသာဂရ - ဉာဏ်သမုဒ်ပြင်ကျယ်(သဗ္ဗညုတဉာဏ်တော်)

၂၄ပစ္စည်းအစွမ်း

နည်းသမုဒ်ပြင်ကျယ်ဖြစ်သော ပဋ္ဌာန်းကျမ်း တစ်ကျမ်းလုံးကို ထားပါဘိ။ နည်းအစ ၂၄ပစ္စည်းဖြစ်သော ပစ္စယုဒ္ဒေသနှင့်ပစ္စယနိဒ္ဒေသပါဠိမျှသည်ပင်လျှင် တန်ခိုးစွမ်းအား အလွန်ကြီးမားကြောင်း ကိုယ်တွေ့ပေါင်းများစွာ ကြားနာမဆုံးရှိနေပါသည်။ ဘေးရန်အန္တရာယ်ကင်းခြင်း၊ အလိုဆန္ဒပြည့်ဝခြင်း၊ ဂုဏ်သတင်းကျော်ဇောခြင်း၊ စိတ်ချမ်းသာခြင်းစသော ကိုယ်တွေ့ရလဒ်များ ခံစားရရှိသူ လူရောရဟန်းပါ များစွာရှိနေကြပါပြီ။

ယင်းသို့သော အစဉ်အလာများကြောင့် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်အဆက်ဆက် ရဟန်းတော်များသည် ရပ်သူရွာသား ဒကာဒကာမများနှင့် သင့်လျော်အောင် အလွယ်တကူ ကျက်မှတ်နိုင်စေမည့် ၂၄ပစ္စည်းဆုတောင်းကို ရေးသားဖြန့်ဝေခဲ့သဖြင့် ဤအရှင်တို့၏ငယ်ဆရာတစ်ပါးဖြစ်သော လယ်တီဦးကောသလ္လထံမှ ယင်း၂၄ပစ္စည်းဆုတောင်းကိုရရှိခဲ့၍ နေ့စဉ်ဘုရားရှိခိုးပြီးတိုင်း ဆုတောင်းခဲ့ရပါသည်။ ငယ်စဉ်ကာလ ရှင်သာမဏေဘဝ၌ ဆရာ့အာဘော်အတိုင်းသာ ရွတ်ဆိုဆုတောင်းခဲ့ရသော်လည်း နောင်ကြီးပြင်းလာ၍ အဘိဓမ္မာကို သင်ယူလေ့လာရချိန်တွင်ကား ပဋ္ဌာန်းဆုတောင်းအပေါ် မိမိအာဘော်ကိုပါ ကမ္ပည်းထိုးနိုင်ခဲ့ပါပြီ။ ထိုအချိန်မှစ၍ နီးစပ်ရာသီတင်းသုံးဖော်များ၊ ဒကာဒကာမများထံ ဝေမျှပေးအပ်ခဲ့ရာ အားလုံးအတွက် အကျိုးရလဒ်ကောင်းများ ကောင်းစွာ ရရှိကြကြောင်း သိရှိခဲ့ရပါသည်။

၂၄ပစ္စည်းဆုတောင်းဆိုသည့်အတိုင်းပင် ၂၄ပစ္စည်း၏ အနက်အဓိပ္ပာယ်ကို မြန်မာဘာသာဖြင့် အနှစ်ချုပ်နားလည်နိုင်သလို နားလည်ထားသည့်အတိုင်း အကျိုးရလဒ်များထင်ရှားဖြစ်ထွန်းလာအောင် စီစဉ်ထားရကား ယင်း ၂၄ပစ္စည်း ဆုတောင်းဖြင့် ကောင်းကျိုးသုခများ ရရှိလာကြသည်မှာ မုချဧကန်ဖြစ်ပါ၏။ အလုပ်ကိစ္စတွေ အဘယ်မျှများပြားနေပါစေ။ ယုတ်စွအဆုံး တစ်ရက်တစ်ပစ္စည်း နှုတ်တက် ကျက်မှတ်ပါက ၂၄ရက်တွင် ၂၄ပစ္စည်းလုံး နှုတ်တက်ရရှိမည်ဖြစ်ပြီး ဆက်လက်၍ နေ့စဉ် ဘုရားဝတ်ပြုပြီးတိုင်း ပဋ္ဌာန်း၂၄ပစ္စည်း ဆုတောင်းကို ရွတ်ဆိုဆုပန်ပါလျှင် အမှန်ပင်ရုပ်ပိုင်းရောစိတ်ပိုင်းမှာပါ ကောင်းကျိုးတရားတွေ တိုးပွားလာပါမည်။

ဣတိဝုတ်ပါဠိတော်၌မြတ်ဗုဒ္ဓညွှန်ပြတော်မူသည့်အတိုင်းဆုတောင်းပတ္ထနာသည် တဏှာပတ္ထနာနှင့် ဆန္ဒပတ္ထနာဟု နှစ်မျိုးရှိသည့်အနက် ဆန္ဒပတ္ထနာ(ကုသိုလ်ဆန္ဒ)နှင့် ဆုတောင်းကြရပါမည်။ ဆုမတောင်းမီဘုရားရှိခိုးခြင်း စသည့် ကုသိုလ်ကံတစ်ခုခု ပြုပြီးမှသာ ဆုတောင်းကြရပါမည်။ ပဋ္ဌာန်း ၂၄ပစ္စည်းသည် ဗဟုဝုစ်(အများဆိုင်)ဖြစ်သဖြင့် ဆန္ဒပတ္ထနာမည်ပါသည်။

သို့ဖြင့် ပဋ္ဌာန်း၂၄ပစ္စည်းဆုတောင်းအပေါ် ယုံကြည်မြတ်နိုးသော သဒ္ဓါဗလကို အရင်းထားလျက် အဆက်မပြတ်ဆုတောင်းခြင်း ဝီရိယဗလ၊ မမေ့မလျော့ခြင်း သတိဗလ၊ တစိုက်မတ်မတ်တည်ခြင်း သမာဓိဗလ၊ အဓိပ္ပာယ်ကို ပို၍ပို၍ ထိုးထွင်းသိမြင်ခြင်း ပညာဗလဟူသည့် ဗလငါးမျိုး တိုးထက်တိုးကောင်းကျိုးပြည့်ဝကြမည်ဖြစ်ပါသတည်း။

၂၄ပစ္စည်းဆုတောင်း

၁။ ဟေတုပစ္စယော = ကောင်းသော အကြောင်းတရား တိုးပွားကြရပါစေသော်။

၂။ အာရမ္မဏပစ္စယော = ကောင်းသောအာရုံ၊ အကောင်းဆုံးသောအာရုံ တွေ့ကြုံကြရပါစေသော်။

၃။ အဓိပတိပစ္စယော = ဆန္ဒနှင့်ဖွဲ့ စိတ်ဉာဏ်တွဲ ကြီးကဲဖြစ်ကြရပါစေသော်။

၄။ အနန္တရပစ္စယော = ကုသိုလ်၏ အခြားမဲ့မှာ ကုသိုလ်သာ ဖြစ်ကြရပါစေသော်။

၅။ သမနန္တရပစ္စယော = ကောင်းမှု၏ အခြားမဲ့မှာ ကောင်းမှုသာဖြစ်ကြရပါစေသော်။

၆။ သဟဇာတပစ္စယော = အတူတကွ ပုညကုသိုလ်တိုးစေသော်။

၇။ အညမညပစ္စယော = အချင်းချင်း ရင်တွင်းမေတ္တာ ဖြိုးစေသော်။

၈။ နိဿယပစ္စယော = ရတနာသုံးလီ မှီတည်ကြရပါစေသော်။

၉။ ဥပနိဿယပစ္စယော = လောကုတ္တရာကိုးလီ မှီတည်ကြရပါစေသော်။

၁၀။ ပုရေဇာတပစ္စယော = ရှေ့ဖြစ်ကုသိုလ် နောက်ကိုလွှမ်းခြုံပါစေသော်။

၁၁။ ပစ္ဆာဇာတပစ္စယော = နောက်ဖြစ်ကုသိုလ် ရှေ့ကိုလွှမ်းခြုံပါစေသော်။

၁၂။ အာသေဝနပစ္စယော = ပါရမီအစုံစုံ အထုံမြဲကြရပါစေသော်။

၁၃။ ကမ္မပစ္စယော = ကောင်းသောကုသိုလ်ကံ မြဲမြဲကြရပါစေသော်။

၁၄။ ဝိပါကပစ္စယော = ကောင်းသောအကျိုး ပွားတိုးကြရပါစေသော်။

၁၅။ အာဟာရပစ္စယော = စိတ်အာဟာရ ပြည့်ဝကြရပါစေသော်။

၁၆။ ဣန္ဒြိယပစ္စယော = စိတ်ကိုစိုးပိုင် စိတ်နိုင်ကြရပါစေသော်။

၁၇။ ဈာနပစ္စယော = မေတ္တာဈာန် ရှင်သန်ကြရပါစေသော်။

၁၈။ မဂ္ဂပစ္စယော = မဂ္ဂင်လမ်း လျှောက်လှမ်းကြရပါစေသော်။

၁၉။ သမ္ပယုတ္တပစ္စယော = သူတော်ကောင်းဓာတ် ယှဉ်စပ်ကြရပါစေသော်။

၂၀။ ဝိပ္ပယုတ္တပစ္စယော = မကောင်းမှုများ ပယ်ရှားကြရပါစေသော်။

၂၁။ အတ္ထိပစ္စယော = ကောင်းရာသုဂတိ မြဲရှိကြရပါစေသော်။

၂၂။ နတ္ထိပစ္စယော = အပါယ်ဒုဂ္ဂတိ မရှိကြရပါစေသော်။

၂၃။ ဝိဂတပစ္စယော = ဆင်းရဲခြင်း ကင်းရှင်းကြရပါစေသော်။

၂၄။ အဝိဂတပစ္စယော = ချမ်းသာခြင်း မကင်းကြရပါစေသော်။ ။

၂၄ပစ္စည်းဆုတောင်းဆိုသည့်အတိုင်းပင် ၂၄ ပစ္စည်း၏ အနက်အဓိပ္ပာယ်ကို မြန်မာဘာသာဖြင့် အနှစ်ချုပ် နားလည်နိုင်သလိုနားလည်ထားသည့်အတိုင်း အကျိုးရလဒ်များ ထင်ရှားဖြစ်ထွန်းလာအောင် စီစဉ်ထားရကား ယင်း ၂၄ပစ္စည်း ဆုတောင်းဖြင့် ကောင်းကျိုးသုခများ ရရှိလာကြသည်မှာ မုချဧကန်ဖြစ်ပါ၏။ အလုပ်ကိစ္စတွေ အဘယ်မျှ များပြားနေပါစေ။ ယုတ်စွအဆုံး တစ်ရက်တစ်ပစ္စည်း နှုတ်တက် ကျက်မှတ်ပါက ၂၄ရက်တွင် ၂၄ပစ္စည်းလုံး နှုတ်တက်ရရှိမည်ဖြစ်ပြီး ဆက်လက်၍ နေ့စဉ် ဘုရားဝတ်ပြုပြီးတိုင်း ပဋ္ဌာန်း ၂၄ ပစ္စည်း ဆုတောင်းကို ရွတ်ဆို ဆုပန်ပါလျှင် အမှန်ပင် ရုပ်ပိုင်းရောစိတ်ပိုင်း မှာပါ ကောင်းကျိုးတရားတွေ တိုးပွားလာပါမည်။

(၁၆)ကြိမ်မြောက်
မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ငါးမွေးမြူရေးကန်များ တိုးချဲ့ဖော်ထုတ်ရန်မြေကွက်များ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး
အမှန်တကယ် မွေးမြူမည့်လုပ်ငန်းရှင်များ မြေနေရာချထားရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၁၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးရေးကောင်စီတို့၏ ဦးဆောင်မှုဖြင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝရေပြင်မှ ဖမ်းဆီးနေရုံမက ငါးမွေးမြူရေးကဏ္ဍမှပါ ထုတ်လုပ်မှုတိုးတက်လာစေရန် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးစိုးမြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်ဦး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၉ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက်နှင့် ငန်းတေးကျေးရွာတို့ ဆက်သွယ်ထားသည့် လမ်းဘေးဝဲယာရှိ မြေကွက်များ၌ ငါးမွေးမြူရေးကန်များ တိုးချဲ့ဖော်ထုတ်ရန် မြေကွက်များကို ကွင်းဆင်းရှာဖွေကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ယင်းနောက် တိုင်းမှူးက အမှန်တကယ် မွေးမြူမည့် လုပ်ငန်းရှင်များကို စနစ်တကျမြေနေရာချထားရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။**(အပေါ်ပုံ)** (၀၁၄)

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနကြီးမှူး ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၃

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးလုပ်ငန်းဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၉ရက်က ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ် ကျေးရွာအုပ်စု အခြေခံပညာအလယ်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦး**(အပေါ်ပုံ)**နှင့် ခရိုင်ငါးသယံဇာတထိန်းသိမ်းရေးအဖွဲ့ဝင် ဦးထွေးသန်းတို့က ငါးသယံဇာတထိန်းသိမ်းရေး၊ ဒေသတွင်း ငါးသယံဇာတများ ဖွံ့ဖြိုးရေးဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဟောပြောကြသည်။

တက်ရောက်

အခမ်းအနားသို့ ကျိုက်မရောမြို့နယ်ရှိ ညောင်ပင်ဆိပ်၊ စဥ့်အိုးဖို၊ ထပ်ကေးနှင့်တောင်ယာစုကျေးရွာမှ ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်ကျင်းပသွားမည်

အဆိုပါ ဟောပြောပွဲများကို မော်လမြိုင်ခရိုင်အတွင်း မော်လမြိုင်နှင့် မုဒုံမြို့နယ်များရှိ ကျေးရွာများ၌လည်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဂတိလိုက်စားမှု တိုက်ဖျက်ရေးညီလာခံမှ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၃

ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၈ခုနှစ် အောက်တိုဘာ ၃ရက်မှ ၆ရက်အထိ ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့၌ကျင်းပသည့် တတိယကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ နှစ်ပတ်လည်ညီလာခံနှင့် အထွေထွေအစည်းအဝေး (IAACA)သို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ၁၁ရက် နံနက်ပိုင်းက လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

ပြန်လည်လိုက်ပါလာ

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးဇေယျနှင့် ရှေ့နေချုပ်ရုံးခွဲ (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းမောင်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် ကျီခါးမြို့ စည်ပင် မြေသားလမ်းတာချဲ့ပြုပြင်

ဟားခါး အောက်တိုဘာ ၁၃

ချင်းပြည်နယ် ကျီခါးမြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးဝုန်ပြင်းထန်နှင့် အငယ်တန်းအင်ဂျင်နီယာတို့သည် ကျီခါးမြို့ အမှတ်(၂) လမ်း မြေသားတာချဲ့ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၇ရက်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကသာစည်ပင် အထက(၂) တံတားပြုပြင်

ကသာ အောက်တိုဘာ ၁၃

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ ဒေါ်အေးမြင့်ခိုင်သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် မြို့ပြတံတားလုပ်ငန်းဖြစ်သည့် အရှည်၃၅ပေ၊ အကျယ်၁၂ပေရှိအထက(၂) တံတားပြုပြင်ခြင်း လုပ်ငန်းကို ငွေကျပ် ၄၁၅၀၀၀ အကုန်အကျခံ၍ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ကြီးကြပ်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အသိပညာပေးဟောပြောပွဲ ကျီးသဲအထက၌ ကျင်းပ

ရွှေတောင် အောက်တိုဘာ ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲအခြေခံပညာ အထက်တန်းကျောင်းတွင် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးသိန်းဇော်နှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်တို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်က သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကျီးသဲတိုက်နယ် ကျန်းမာရေးမှူး ဦးမင်းစိုးက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်က စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောကြကြောင်း သိရသည်။**(အပေါ်ပုံ)** (မြို့နယ် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

နိုင်ငံတော်ဩဝါဒါစရိယ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသံဝရာဘိဝံသ (ရွှေကျင်) (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်း ပုသိမ်အနောက်မြို့နယ် ကြက်ပေါင်ရွာ ခမည်းတော် ဦးရွှေဖော့၊ မယ်တော် ဒေါ်မယ်ရှိန်တို့မှ ၁၂၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်တွင် ပုသိမ် အနောက်မြို့နယ် ကလိုင်းချောင်းကုန်းကျေးရွာ ဓမ္မသုခရွှေကျင်ကျောင်းတိုက်ဆရာတော် အရှင်ဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်နေ့တွင် ဒုတိယစံကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ညောင်တုန်းမြို့ အထည်ကုန်သည် ဒေါ်နှင်းလှနှင့် ဓနုဖြူမြို့ ထော်ကလွင်ကျေးရွာ ဦးမောင်ခို- ဒေါ်သန်းခတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဓမ္မသုခရွှေကျင်ကျောင်းတိုက်ဆရာတော်နှင့် ဦးအာစိဏ္ဏတို့ထံ၌ အခြေခံပရိယတ္တိစာပေများကို သင်ယူခဲ့ပြီး မြောင်းမြမြို့ ဗောဓိမြိုင်ဆရာတော် အရှင်ဇနိတထံ၌ ပထမငယ်တန်းဆိုင်ရာနှင့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပထမစံကျောင်းဆရာတော်၊ ဒုတိယစံကျောင်းဆရာတော်တို့ထံ၌ ပထမလတ်တန်းမှစ၍ ပါဠိအဋ္ဌကထာ၊ ဋီကာများကိုသင်ယူခဲ့ပါသည်။ ထို့ပြင် ရန်ကုန်မြို့ ရွှေဂုံတိုင်ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော် အရှင်ကောဏ္ဍည (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ အနောက်တောင်စကုတိုက် အရှင်နန္ဒာစရိယ (အဂ္ဂမဟာပဏ္ဍိတ)၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော် အရှင်ကုဏ္ဍက (အဂ္ဂမဟာပဏ္ဍိတ)တို့ထံ၌ ပါဠိ၊ အဋ္ဌကထာနှင့် ပဋ္ဌာန်းညဝါများ သင်ကြားဆည်းပူးတော်မူခဲ့ပြီး ညောင်တုန်းမြို့ ရွှေကျင်နိကာယသာသနပါလအသင်း စာမေးပွဲ ဓမ္မာစရိယစာချတန်း၊ ရန်ကုန်မြို့ စေတိယင်္ဂဏစာသင်တန်းနှင့် အစိုးရဓမ္မာစရိယ စာမေးပွဲကို ဂုဏ်ထူးခြောက်ကျမ်းနှင့် အောင်မြင်တော်မူခဲ့၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယတန်းဆိုင်ရာစာဝါများကို ၂၈နှစ်တိုင် သင်ကြားပို့ချတော်မူခဲ့ပြီး ပဋ္ဌာန်းကျမ်းကို ၂၆နှစ်တိုင် နှစ်စဉ်သင်ကြားပို့ချတော်မူခဲ့ပါသည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာကာရကအဖြစ်လည်းကောင်း၊ ပါဠိဝိသောဓကအဖွဲ့ဝင်နှင့် ဘာဏကအဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း၌ စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်)၊ တတိယအကြိမ် သံဃာ့အဖွဲ့အစည်း၌ ရွှေကျင်နိကာယ၊ တိုင်းဩဝါဒါစရိယ၊ ပဉ္စမအကြိမ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၄ခု (၁၉၉၃)ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၅)ဝါအရ ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃ရက်၊ ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၂ရက်(တနင်္ဂနွေနေ့) ညနေ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဟင်္သာတိုက်သစ် ပဓာနနာယကဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် အောက်တိုဘာ ၁၃

နိုင်ငံတော် ဩဝါဒါစရိယ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ပဓာနနာယကဆရာတော် သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၅)ဝါရှိ ဘဒ္ဒန္တသံဝရာဘိဝံသ (ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ မဟာထေရ်ဆရာတော်ကြီးသည် ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လဆန်း၁၃ရက်(၁၂-၁၀-၂၀၀၈ရက်) တနင်္ဂနွေနေ့ ညနေ ၄နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ လားရှိုး၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၄၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ၁ရက် နံနက်၉နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင် **(ယာပုံ)**က ရဲတပ်ဖွဲ့သမိုင်းနှင့် ပြည်နယ်အတွင်း ရဲလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မှုခင်းဖော်ထုတ်မှု အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းမှူးက ပြည်နယ်အတွင်း ထူးချွန်စွာ မှုခင်းဖော်ထုတ်နိုင်မှုနှင့် ပတ်သက်၍ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စန်းလွင်နှင့် ခရိုင်ရဲတပ်ဖွဲ့များ၊ မှူးယစ်ကြီးကြပ်သူ စုစုပေါင်း ၁၈ဦးအား တိုင်းမှူးက လည်းကောင်း ဆုချီးမြှင့်ပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ၄ဦးအား တိုင်းမှူး၏ဇနီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆု

ယင်းနောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ဇနီးတို့က ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဆုငွေများ ပေးအပ်ခဲ့သည်။

(ပြည်နယ်ရဲတပ်ဖွဲ့)

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချီ

ရန်ကုန် အောက်တိုဘာ ၁၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၃၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ တောင်ကိုရီးယားသင်္ဘော နစ်မြုပ်ရာတွင် ပါဝင်သော မြန်မာသင်္ဘောသားများအတွက် DNA တိုက်ဆိုင်စစ်ဆေးပြီး လျော်ကြေးပေးမည်၊ ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးစခန်းကို အဆင့်မြှင့်တော့မည်၊ မြန်မာ့လယ်ယာကဏ္ဍတွင်ရင်းနှီးမြှုပ်နှံရန် ပြည်ပရှစ်နိုင်ငံမှ လာရောက်ဆွေးနွေး၊ ရန်ကုန်မြို့ရှိ လမ်းမီးတိုင်အချို့တွင် အလိုအလျောက် အဖွင့်အပိတ်စနစ်ပါရှိသော နေရောင်ခြည်စွမ်းအင်ကို စတင်အသုံးပြု၊ မြန်မာ့စဉ့်အိုးများကို ဂျပန်သို့ ပထမဆုံးအကြိမ်တင်ပို့မည်၊ နိုင်ငံခြားသားများနှစ်သက်သည့် သဘာဝအခြေခံစခန်းတစ်ခုအဖြစ် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်က ဆွဲဆောင်နိုင်မည်၊ နဝရတ်ကိုးပါးထက် တန်းဖိုးလျော့နည်းမည့် ကျောက်မျက်ရတနာ ရရှိရန်နည်းသစ်ကို သုတေသနပြုလျက်ရှိ၊ စိုင်းစိုင်းခမ်းလှိုင်အား Ambassador အဖြစ်ထပ်မံရွေးချယ်၊ မကြာမီလက်ထပ်တော့မည့် ဟဲလေးနှင့် လတ်တလော အင်တာဗျူး၊ ပြည်တွင်းရွှေဈေး တည်ငြိမ်ရေးအတွက် ရန်ကုန်မြို့တွင်း၌ ရွှေဈေးကွက်နေရာတစ်ခု ပထမဆုံးအကြိမ် ဖွင့်လှစ်ရန်စီစဉ်၊ ဆိုမာလီပင်လယ်ဓားပြများကို ကွန်မန်ဒိုပုံစံဖြင့် ဝင်ရောက်တိုက်ခိုက်ရန် စစ်ပါရဂူများကအကြံပြု၊ ဂျပန်စားသောက်ဆိုင်၌ မျောက်များကို စားပွဲထိုးအဖြစ်ခန့်ထား၊ ကမ္ဘာ့ပထမဆုံး လက်နှစ်ဖက်စလုံးအစားထိုးတပ်ဆင်မှု အောင်မြင်ခဲ့၊ ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီးထားသည့် ယူကရိန်းသင်္ဘော၏ နောက်ဆုံးအခြေအနေ၊ GPS (ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ်)ဖြင့် မြေငလျင်အကြို အနည်းငယ်တုန်ခါမှုကိုပင် သတိပေးနိုင်၊ ဦးခေါင်းထဲ၌ နှစ်လက်မခန့်ရှိ သံချောင်းစိုက်ဝင်နေသည်ကို လေးနှစ်ကြာမှသိ၊ ဆင်ရိုင်းများ ဝင်ရောက်သွားလာလေ့ရှိသည့်ဟိုတယ်၊ အထပ် ၂၀၀ကျော်မြင့်မည့် ကမ္ဘာ့အမြင့်ဆုံးမျှော်စင်သစ်ကြီးကို ဒူဘိုင်းတွင်အုတ်မြစ်ချပြီးစီး၊ ကိုရီးယားမင်းသမီး အုတ်ခွာ၏ အသုဘအခမ်းအနား မြင်ကွင်း၊ ကြွက်ကို မြွေစာကျွေးသော်လည်း မြွေက ကြွက်စာဖြစ်သွားသည့် ထူးဆန်းသောဖြစ်ရပ်၊ စက်ရုပ်လူသားမှသည် လူသားစက်ရုပ်ဆီသို့ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

ရန်ကုန် အောက်တိုဘာ ၁၃

အောက်တိုဘာ ၁၃ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ချင်းပြည်နယ်၌ နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

အောက်တိုဘာ ၁၃ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ညောင်ဦး	၂ဒသမ ၀၀လက်မ
ရွှေဘို	၁ဒသမ ၄၂လက်မ
မင်းတပ်	၁ဒသမ ၃၇လက်မ
မြိတ်	၁ဒသမ ၀၂လက်မ

အောက်တိုဘာ၁၄ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကိုခန့်မှန်းရပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အောက်တိုဘာ ၁၄ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာလျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်ဖြစ်သည်။

ထူးခြားသည့်အခြေအနေ

မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ မြောက်ယွန်းယွန်း ၁၂၅မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက်၊ အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားသွားမည်ဟု ခန့်မှန်းရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ကျောဖုံးမှ

လေးခုမြောက်ပြိုင်ပွဲဖြစ်သည်။ မြန်မာအသင်းယှဉ်ပြိုင်ပြီးသည့် ပြိုင်ပွဲများမှာ AFC Challenge Cupပြိုင်ပွဲ၊ အင်ဒိုနီးရှား လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲနှင့် ဗီယက်နမ် ဟိုချီမင်းစီးတီးဖလားဘောလုံးပြိုင်ပွဲတို့ဖြစ်ပြီး ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲတွင် တတိယနှင့် ကျန်ပြိုင်ပွဲနှစ်ခုတွင် အကြိုဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိခဲ့သည်။

အောင်မြင်မှု

မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ၁၉၅၇ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ယခုကျင်းပမည့်ပြိုင်ပွဲမှာ အကြိမ်(၄၀)မြောက် ပြိုင်ပွဲဖြစ်သည်။ ပြီးခဲ့သည့်(၃၉)ကြိမ်တွင် အသင်း၁၆သင်းက ချန်ပီယံဆုများရရှိခဲ့ဖူးပြီး အအောင်မြင်ဆုံးအသင်းများမှာ အိမ်ရှင် မလေးရှားလက်ရွေးစင်အသင်းက ချန်ပီယံကိုးကြိမ် (ပူးတွဲနှစ်ကြိမ်ပါ)၊ ဒုတိယခုနစ်ကြိမ်ဖြင့် ပထမနေရာ၊ တောင်ကိုရီးယားအသင်းက ချန်ပီယံခုနစ်ကြိမ် (ပူးတွဲလေးကြိမ်ပါ) ဒုတိယသုံးကြိမ်ဖြင့် ဒုတိယနေရာ၊ မြန်မာအသင်းက ချန်ပီယံလေးကြိမ် (ပူးတွဲတစ်ကြိမ်ပါ) ဒုတိယလေးကြိမ်ဖြင့် တတိယနေရာ၊ အင်ဒိုနီးရှားအသင်းက ချန်ပီယံသုံးကြိမ်၊ ဒုတိယလေးကြိမ်ဖြင့် စတုတ္ထနေရာ၊ အီရတ်အသင်းက ချန်ပီယံနှစ်ကြိမ်နှင့် ဒုတိယနှစ်ကြိမ်ဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေကြသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲကို မြန်မာ့ဘောလုံးရွှေခေတ်ကတည်းက ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရယူနိုင်ခဲ့သလို တစ်ကျော့ပြန်ဝင်ရောက်ယှဉ်ပြိုင်သည့် ၂၀၀၆ခုနှစ်မှစ၍ အောင်မြင်မှုများ ထပ်မံရယူနိုင်ခဲ့သည်ကို တွေ့ရသည်။

စွမ်းဆောင်နိုင်ခဲ့

မြန်မာအသင်းမှာ မာဒေးကားဖလား ပြိုင်ပွဲကို ၁၉၆၀နှင့် ၁၉၇၀ပြည့်နှစ်ကျော်ကာလများတွင် ဆက်တိုက်နီးပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် မယှဉ်ပြိုင်ဖြစ်တော့ဘဲ ၂၀၀၆ခုနှစ်ကျမှ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြန်လည်ယှဉ်ပြိုင်သည့်နှစ်မှာပင် အောင်မြင်မှုနှင့် ဖွင့်လှစ်နိုင်ခဲ့သည်။ အုပ်စုတွင်း၌ ထိုင်းနှင့် နှစ်ဂိုးစီသရေ၊ အင်ဒိုနီးရှားနှင့် ဂိုးမရှိသရေကျပြီး အိမ်ရှင်မလေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ကာ ငါးမှတ်ရရှိခဲ့ပြီး ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားနှင့် ပြန်လည်တွေ့ဆုံရာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာနည်းပြနှစ်ဦးဖြစ်သည့် ဦးဆန်းဝင်းနှင့် ဦးကြည်လွင်တို့က ဗိုလ်စွဲအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

လေ့ကျင့်ပေး

ယခုပြိုင်ပွဲဝင်မည့်အသင်းကို ဘရာဇီးလူမျိုးနည်းပြ ဖလော်ပါက နှစ်နှစ်ဆက်တိုက် ကိုင်တွယ်မည်ဖြစ်ပြီး ဘရာဇီးလူမျိုး ကြံ့ခိုင်ရေးနည်းပြဖြစ်သူ ရိုဒရီဂျာနန်ဒက်ဇ်မှာလည်း ပြိုင်ပွဲဝင်မည့်အသင်းနှင့်အတူ လိုက်ပါသွားမည်ဖြစ်သည်။ အဆိုပါ ကြံ့ခိုင်ရေးနည်းပြမှာ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ သုံးလကြာ ငှားရမ်းထားခြင်းဖြစ်ပြီး အောက်တိုဘာ၆ရက်မှစ၍ မြန်မာအသင်းကို လေ့ကျင့်ပေးလျက်ရှိသည်။

အုပ်စု(ခ)

၂၀၀၈ခုနှစ် အကြိမ်(၄၀)မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အိမ်ရှင်မလေးရှား၊ ဆီယာလီယွန်၊ အာဖဂန်နစ္စတန်၊ နီပေါ၊ အုပ်စု(ခ)တွင် မြန်မာ၊ ဗီယက်နမ်၊ မိုဇမ်ဘစ်နှင့် ဘင်္ဂလားဒေ့ရှ်တို့ပါဝင်ကြသည်။ မြန်မာအသင်းသည် အောက်တိုဘာ၁၆ရက်တွင် ဗီယက်နမ်အသင်း၊ ၁၈ရက်တွင် မိုဇမ်ဘစ်အသင်း၊ ၂၀ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

အားကစားသမားများ

ပြိုင်ပွဲဝင်မည့် မြန်မာအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းအောင်၊ အုပ်ချုပ်သူအဖြစ် ဦးလှရွှေလေး၊ နည်းပြချုပ်အဖြစ် မားကို့စ်အန်တိုနီယိုဖလော်ပါ၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် ရိုဒရီဂျာနန်ဒက်ဇ်၊ လက်ထောက်နည်းပြအဖြစ် ဦးဉာဏ်ဝင်းနှင့် ဦးမျိုးချစ်၊ ဆေးမှူးအဖြစ် ဒေါက်တာအောင်ကျော်ဦး၊ အားကစားသမားများအဖြစ် **ဂိုးသမား**-အောင်အောင်ဦး၊ ညီညီလွင်၊ **နောက်တန်း**-ကျော်ခိုင်ဝင်း၊ မိုးဝင်း၊ ကျော်ဇေယျာဝင်း၊ အေးဆန်း၊ ဟန်ဝင်းအောင်၊ ခင်မောင်လွင်၊ မင်းသူ၊ **အလယ်တန်း**-ပိုင်စိုး၊ စိုးသီဟအောင်၊ အောင်မြင့်အေး၊ ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ ဇော်ထက်အောင်၊ **ရှေ့တန်း**-စိုးမြတ်မင်း၊ ထွန်းမင်းဦး၊ ကျော်သီဟနှင့် ရန်ပိုင်တို့ ပါဝင်ကြသည်။

ပြီးခဲ့သည့် ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ်တို့တွင် နှစ်နှစ်ဆက်တိုက် ဗိုလ်လုပွဲသို့ ရောက်ရှိပြီး တစ်ကြိမ်ဗိုလ်စွဲခဲ့သော မြန်မာအသင်းမှာ အကြိမ်(၄၀)မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင်မူ---။ ။

(မြန်မာ့အလင်း)

မွေးနေ့ မင်္ဂလာဆုမွန်လွှာ

၁၄-၁၀-၂၀၀၈ရက် (အင်္ဂါနေ့)တွင် ကျရောက်သော ချစ်ခင်ပွန်း **ဦးသန်းညွှန့်** (စံမြင့်မြတ်ကုမ္ပဏီ)နှင့် ကိုသန်းဌေးအထည်ဆိုင်၊ ဒု-၃၇၃ (မင်္ဂလာဈေး)၏ မွေးနေ့ရက်မြတ်မှသည် သက်ဆုံးတိုင် ချစ်ဇနီး၊ ချစ်သားများနှင့် ရာသက်ပန် သာယာဖြောင့်ဖြူးသော ဘဝခရီးလမ်းကို အတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဇနီး-မမိုးမိုးခိုင်၊
ချစ်သားများ-ရဲမျိုးဦး၊ ဇေယျာဦး၊ သန့်စင်ထွန်း၊ ခန့်ဟိန်းဇော်။

အထက(၂) စမ်းချောင်း မြတ်ဆရာပူဇော်ကန်တော့ပွဲ

၂၀၀၇-၂၀၀၈ အခြေခံပညာအထက်တန်းစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး အောင်ချက်အကောင်းဆုံး ပထမဆုရအောင် သင်ကြားပေးခဲ့သော ဆရာမများအား ပူဇော်ကန်တော့ပွဲကို ၂၀-၁၀-၂၀၀၈ရက် နံနက်၈း၃၀နာရီတွင် စံပယ်ခန်းမ၌ ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ မပျက်မကွက် တက်ရောက်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆ A၊ မြေကွက်အမှတ် ၁၂၇ စီ/၄၊ ဧရိယာ ၀ဒသမ ၁၅၁ဧကရှိသော ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေယာမှတ်တမ်းတွင် တရားဝင်အမည်ပေါက်ရှိပြီး ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A, H.G.P, C.B.L,D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ်၈၆/၈၈၊ အခန်း၂၀၊ ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃/ကခန(နိုင်)၀၀၉၉၂၃ မှာ ၁၃-၁၀-၂၀၀၈ရက်တွင် ပန်းဆိုးတန်းလမ်း ပုံစံ(၁၉)ရုံး အနီးတစ်ဝိုက်၌ ကျပျောက်သွားပါသည်။ တွေ့ရှိပါက ဖုန်းဆက် အကြောင်းကြားပါရန်။

ဦးဆော်ရင်ထုံး-ဖုန်း-၀၉-၂၀၀-၂၇၉၃၊
၀၉-၂၀၀-၅၈၀၈။

စက်ရောင်းရန်ရှိသည်

ထိုင်း အသားလုံးနှင့်ပတ်သက်သော စက်ပစ္စည်းအားလုံး ရောင်းရန်ရှိသည်။

ဖုန်း-၃၇၉၅၁၉၊ ၂၄၉၀၉၆။

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၁၆၊ တတိယလွှာ (ပွင့်ရွှေလင်း တာယာနှင့်အလှိုင်းဗိုး ရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)
ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၃၄၇၃၃၊ ၅၃၄၈၈၃
Open (AM-7:00 to PM-9:00) ပိတ်ရက်မရှိပါ။

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီးဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ် (အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့သရုပ်ပြ သင်ကြားပေးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်ရန် အဓိကသင်ကြားပေးသည်။ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်း အောင်လက်မှတ်ထုတ်ပေးသည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ ကြိုတင် စာရင်းသွင်းပါ။ ပုံမှန်ဈေးနှုန်းသာယူသည်။

◆ တစ်လပြတ် အထူးသင်တန်းများ

အပတ်စဉ် (၆၀၄) ၂၀-၁၀-၂၀၀၈ရက်စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
အပတ်စဉ် (၆၀၅) ၂၃-၁၀-၂၀၀၈ရက်စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ

	Section (1) 08:00AM to 11:00AM	(14) ဦး
	Section (2) 09:00AM to 12:00PM	(14) ဦး
	Section (3) 01:30PM to 04:30PM	(14) ဦး
(ည)	Section (4)* 05:00PM to 07:00PM	(14) ဦး
(ည)	Section (5)* 06:00PM to 08:00PM	(14) ဦး

◆ နှစ်လပြတ် အထူးသင်တန်းများ

အပတ်စဉ် (၆၀၆) ၂၀-၁၀-၂၀၀၈ရက်စမည်။ တနင်္လာနေ့နှင့် အင်္ဂါနေ့
အပတ်စဉ် (၆၀၇) ၂၁-၁၀-၂၀၀၈ရက်စမည်။ အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့
အပတ်စဉ် (၆၀၈) ၂၃-၁၀-၂၀၀၈ရက်စမည်။ ကြာသပတေးနေ့နှင့်သောကြာနေ့
အပတ်စဉ် (၆၀၉) ၂၅-၁၀-၂၀၀၈ရက်စမည်။ စနေနေ့နှင့် တနင်္ဂနွေနေ့

	Section (1) 09:00AM to 12:00PM	(14) ဦး
	Section (2) 01:30PM to 04:30PM	(14) ဦး
(ည)	Section (3)* 05:00PM to 07:00PM	(14) ဦး
(ည)	Section (4)* 06:00PM to 08:00PM	(14) ဦး

◆ သုံးလပြတ် အထူးသင်တန်းများ

အပတ်စဉ် (၆၁၀) ၂၅-၁၀-၂၀၀၈ရက်စမည်။ စနေနေ့ တစ်ရက်တည်းသာ။
အပတ်စဉ် (၆၁၁) ၂၆-၁၀-၂၀၀၈ရက်စမည်။တနင်္ဂနွေနေ့တစ်ရက်တည်းသာ။

Section (1) 08:00AM to 12:30PM	(14) ဦး
Section (2) 01:30PM to 05:30PM	(14) ဦး

◆ (၁၀)ရက်အပြီး အထူးအမြန်သင်တန်း

အပတ်စဉ် (၆၁၂) ၂၂-၁၀-၂၀၀၈ရက်မှစ၍ ၃၁-၁၀-၂၀၀၈ရက်အထိ
09:00AM to 04:30PM (14) ဦး

International Integrated Service Co.,Ltd.
ဒါရိုက်တာဦးခိုင်ဝင်း ၁၂/မရက(နိုင်)၀၈၀၄၆၁သိစေရန်

ဦးခိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေကြီး ဦးအောင်သန်းစိုး B.A(Law) LL.B ၏ ၉-၁၀-၂၀၀၈ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့သော တန်ပြန်ကြော်ငြာနှင့်ပတ်သက်၍-

အောင်မြင်ချမ်းသာ သတ္တုတူးဖော်ရေးကုမ္ပဏီ၏ အထွေထွေမန်နေဂျာ (General Manager) ဒုတိယဗိုလ်မှူးကြီး ဝမ်းထွန်း(ငြိမ်း)၁၂/ဒဂန(နိုင်)၀၁၈၂၉၅၏ ထပ်မံလွှဲအပ်ညွှန်ကြားချက်အရ-

လူကြီးမင်း၏ တရားရုံးချုပ်ရှေ့နေကြီး ဦးအောင်သန်းစိုးမှ တရားရုံးချုပ်ရှေ့နေကြီး ဦးစိုးတင့်ရည်ထံသို့ ပေးပို့ခဲ့သည့် ၈-၁၀-၂၀၀၈ရက်စွဲပါ တန်ပြန်နို့တစ်စာနှင့်၉-၁၀-၂၀၀၈ရက်စွဲပါသတင်းစာကြော်ငြာတို့အပေါ် ထပ်ဆင့် ရှင်းလင်းကြော်ငြာအပ်ပါသည်။

၁။ ကျွန်ုပ်အမှုသည် လွန်တူးစက်၏ စံနှုန်းအရ မီတာ ၅၀အနက် ကျင်းတစ်ကျင်းလျှင် အလွန်ဆုံး ခုနစ်ရက်ဖြစ်၍ လူကြီးမင်း၏ သဘောတူညီလုပ်ငန်းအပ်နှံချက်အရ မီတာ ၅၀ကျင်း သုံးကျင်းအတွက် အလွန်ဆုံး ၂၁ရက်အတွင်း ပြီးစီးရပါမည်။ ထို့ကြောင့် ကျွမ်းကျင်လုပ်သားများကို တစ်လငှားရမ်းထားခဲ့ရာ အချိန်မီ လုပ်ငန်းမပြီးပြတ်သဖြင့် ကျွမ်းကျင်လုပ်သားများမှာ မိမိတို့၏ မူလမိခင်ဌာနသို့ ပြန်သွားကြခြင်းဖြစ်ပါသည်။

၂။ ကျွန်ုပ်အမှုသည်ပိုင်လွန်တူးစက်မှာ ကာလတန်ကြေး အမေရိကန်ဒေါ်လာ ခုနစ်သိန်းခန့် အနည်းဆုံး တန်ဖိုးရှိပါသည်။ လူကြီးမင်းသည် ဌာနဆိုင်ရာများအား မိမိပိုင် လွန်တူးစက်ဖြစ်သည်ဟု ပြောဆိုထားကြောင်း သိရှိရသည့်အပြင် လူကြီးမင်းက ပြင်ပမှခေါ်ယူ မောင်းနှင်စေသည့် ပုဂ္ဂိုလ်မှာ ကျွန်ုပ်အမှုသည် ကုမ္ပဏီမှ လုပ်ငန်းမကျွမ်းကျင်မှုကြောင့် တာဝန်မှရပ်စဲထားသူဖြစ်ကြောင်း သိရပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည်၏ စက်ပစ္စည်းများအတွက် ကြီးစွာသော ပျက်စီးဆုံးရှုံးမှုရှိပြီး မကျွမ်းကျင်သူ၏ တပ်ဆင်မောင်းနှင်မှုကြောင့် နဂိုမူလအခြေအနေ လုံးဝမရှိနိုင်တော့ဘဲ စက်မှာလုံးဝ ပျက်စီးဆုံးရှုံးသွားသည့် အနေအထားဖြစ်ပါသည်။

၃။ လူကြီးမင်းနှင့်ဆောင်ရွက်သောလုပ်ငန်းသည် တစ်လအတွင်း ပြီးစီးရန်ဖြစ်သော်လည်း သုံးလခန့်ကြာမြင့်နေသည့်အပြင် ကျွန်ုပ်အမှုသည်၏ လွန်တူးစက်မှာ အခြားဌာနလုပ်ငန်းများလုပ်ကိုင်ရန် အချိန်စေ့ရောက်နေသဖြင့် လုပ်ငန်းဆောင်ရွက်မှုကို ရပ်တန့်ခဲ့ခြင်းဖြစ်ပါသည်။ ဦးဘန်နီချစ်အနေဖြင့် လွန်တူးခငွေရရှိရန်ရှိသူဖြစ်၍ ရှောင်တိမ်းရန်မလိုပါ။ တာဝန်အရ ခရီးထွက်ခြင်းသာဖြစ်ပါသည်။

၄။ လူကြီးမင်း၏ စွပ်စွဲချက်တစ်ရပ်ဖြစ်သော ခုနစ်ရက်အတွင်းဖြေရှင်းရန် နို့တစ်စာပေးပို့ထားပါလျက် သတင်းစာတွင် သတ်မှတ်ရက်မပြည့်မီကြေညာခြင်းသည် လူကြီးမင်းအပေါ် တမင်ဂုဏ်သိက္ခာထိပါးအောင်ဆောင်ရွက်ခြင်း မဟုတ်ပါ။ လူကြီးမင်းထံပေးပို့သော ၃၀-၉-၂၀၀၈ ရက်စွဲပါ နို့တစ်စာပေးပို့ခဲ့သောနေ့တွင်ပင် သတင်းကြော်ငြာကို နေ့စွဲအတူထည့်သွင်းခဲ့ရာ ကြော်ငြာရက်မရ၍ ၂-၁၀-၂၀၀၈ ရက်ကျမှ ကြော်ငြာပါလာခြင်းဖြစ်ပါသည်။

ထိုသို့နို့တစ်စာနှင့် သတင်းစာကြော်ငြာအတူထည့်သွင်းရခြင်းမှာ ကျွန်ုပ်အမှုသည်ပိုင် လွန်တူးစက်မှာ လွန်စွာတန်ဖိုးကြီးမားပြီး စက်အား ပိုင်ရှင်ခွင့်ပြုချက်ရယူခြင်းမရှိဘဲ မောင်းနှင်နေသဖြင့် ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန် သတင်းစာတွင်အမြန်ဆုံး ထည့်သွင်းကြေညာရခြင်းဖြစ်ပါသည်။ နို့တစ်စာသက်သက်ပေးပို့ရာတွင် အချိန်မီရောက်၊ မရောက်မသေချာပါ။ ထိုနည်းတူ နို့တစ်စာနှင့် သတင်းစာကြော်ငြာတစ်ပြိုင်တည်း မပြုလုပ်ရန် ပြဋ္ဌာန်းချက်မရှိပါ။ အမှု၏ အခြေအနေအရ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ လူကြီးမင်း၏ ၉-၁၀-၂၀၀၈ ရက်စွဲပါ နို့တစ်စာနှင့် ၈-၁၀-၂၀၀၈ ရက် သတင်းစာကြော်ငြာပါ တန်ပြန်နို့တစ်စာအပေါ် လိုက်နာဆောင်ရွက်ရန်မလိုအပ်ပါကြောင်းနှင့် လူကြီးမင်းက မိမိပိုင်ပစ္စည်းသဖွယ် တပ်ဆင်အသုံးပြုထားသည့်စက်အား ပြန်လည်လက်ခံရန် ဆန္ဒမရှိတော့ဘဲ စက်၏ ကာလတန်ဖိုးငွေကိုသာ ကျွန်ုပ်၏ အမှုသည်ထံသို့ ခုနစ်ရက်အတွင်းပေးသွင်းပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ထပ်ဆင့်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးတင့်ရည်
B.A(Law)LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်-၁၄၈၇)
၈၁၊ သရက်တော ၅ လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

စီရိုနယ်ဒိုအားခေါ်ယူရေး ရီးရဲထပ်မံကြိုးစားပြန်

လန်ဒန် အောက်တိုဘာ ၁၃

မန်ချက်စတာယူနိုက်တက်အသင်း၏ အဓိကကစားသမား စီရိုနယ်ဒိုအား လာမည့်ရာသီတွင် စပိန်ကလပ်အသင်းကြီးများက စာချုပ်ခေါ်ယူနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ရီးရဲမက်ဒရစ်အသင်းနည်းပြ ဘန်းရှူးစတားက ထုတ်ဖော်ပြောကြားလိုက်သည်။

အလှမ်းဝေး

အသက် ၂၃နှစ်ရှိ စီရိုနယ်ဒိုအား ယခုနှစ်ဆန်းပိုင်းတွင် ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန် အပြင်းအထန်ကြိုးစားခဲ့သည်။ သို့သော် မန်ယူတို့တောင်းဆိုသော ပြောင်းရွှေ့ကြေးကို ရီးရဲက မပေးနိုင်၍ စာချုပ်ရန် အလှမ်းဝေးခဲ့ရခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီအကုန်တွင် တောင်ပံကစားသမား စီရိုနယ်ဒိုအားခေါ်ယူရန် ထပ်မံကြိုးစားသွားမည်ဖြစ်ကြောင်း ဘန်းရှူးစတားက ပြောကြားသည်။

စီရိုနယ်ဒိုအား မန်ယူက ၂၀၁၂ခုနှစ်အထိစာချုပ်ထားသည်။ ရီးရဲက ငွေပုံအောပေးလျှင် ရီးရဲသို့ ရောက်ရှိသွားဖွယ်ရှိသည်။ ရီးရဲမက်ဒရစ်နည်းပြ ဘန်းရှူးစတားက စီရိုနယ်ဒိုအား ယူရိုသန်း၉၀အောက် ပြောင်းရွှေ့ကြေးဖြင့်သာ ခေါ်ယူလိုသည်။ သို့သော် မန်ယူအမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂီးလ်က ပေါင် ၁၃၅သန်းအထိ တောင်းဆိုထားသည်။

စီရိုနယ်ဒိုသည် ခြေချင်းဝတ်ခွဲစိတ်ပြီး ပြန်ကောင်းလာပြီးနောက် မကြာမီက မန်ယူ၌ပြန်ကစားနေပြီဖြစ်သည်။ (အင်တာနက်)

ယူကရိန်းညီအစ်ကိုနှစ်ဦး ဟဲဗီးဝိတ်ချန်ပီယံများဖြစ်လာကြ

လန်ဒန် အောက်တိုဘာ ၁၃

ဒဗလျူဘီစီ ဟဲဗီးဝိတ် ချန်ပီယံခါးပတ်ကို ရရှိလိုက်သည့် ယူကရိန်းလက်ဝှေ့သမား ကလစ်ကို**(အောက်ဝဲပုံ)**က ရုရှားလက်ဝှေ့သမား နီကိုလိုင်ဗာလုယက်အား ဒဗလျူဘီအေ ချန်ပီယံခါးပတ်လုပွဲ ထိုးသတ်ရန် စိန်ခေါ်လိုက်သည်။

ကလစ်ကို၏ ညီဖြစ်သည့် ဝါလာဒီမာသည် ဒဗလျူဘီအိုနှင့် အိုင်ဘီအက်ဖ် ချန်ပီယံခါးပတ်များကို ရယူထားသူ ဖြစ်သည်။

ပထမဆုံးအကြိမ်

အဆိုပါယူကရိန်းနိုင်ငံသား ညီအစ်ကိုနှစ်ဦးသည် ပထမဆုံးအကြိမ် တစ်ပြိုင်နက်တည်း ဟဲဗီးဝိတ်ချန်ပီယံများ ဖြစ်လာကြသည်။ **(အင်တာနက်)**

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၀-၂၀၀၈ရက် (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အဘိဓမ္မာအခါတော်နေ့** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၈း၀၀-၂း၀၀	တူယှဉ်ကာနွဲ့ ရွှေကျင်မီးမျှောပွဲ
၈း၁၀-၂း၁၀	Sunday Talk
၉း၁၀-၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	သတ္တဌာနမှာသံဝေဂရယူပါ
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	ပဲခူးသက်သတ်လွတ် သနပ်စုံ
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	လှူဒါန်းခွင့်ကြုံနိုင်သည် ငြိမ်းစေတီ လေးဆူဓာတ်ပုံအတွက်ရည်
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	မြတ်ဗုဒ္ဓ၏ဩဝါဒ ပါတိမောက်လာမြတ်ပဝါရဏာ
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏တစ်သက်စာဝိပဿနာ
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	မြို့ဇလွန်ရဲ့ မီးမြင်းမိုရ်ပွဲဆင်ကာနွဲ၊ ပူဇော်လှူဒါန်း ပန်းရေချမ်း
၁၂း၃၅-၆း၃၅	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်-ဟဲလေး)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘီလာရုဇ်နှင့်ကစားမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲ ဂျွန်တယ်ရီ အင်္ဂလန်တွင် ပါဝင်ရန်မသေချာ

လန်ဒန် အောက်တိုဘာ ၁၃

၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စု(၆) ပွဲစဉ်(၄)ပြိုင်ပွဲများကို အောက်တိုဘာ ၁၅ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်၍ အင်္ဂလန်နှင့် ဘီလာရုဇ်တို့ ကစားမည့်ပွဲ၌ အင်္ဂလန်နောက်တန်းကစားသမား ဂျွန်တယ်ရီ ဒဏ်ရာမှ ပြန်မကောင်းလာသေးသဖြင့် ပါဝင်ကစားရန် သံသယဖြစ်နေသည်။

အင်္ဂလန်အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ကာဇက်စတန်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပြိုင်ပွဲ၌ ကျောဒဏ်ရာရရှိထားသဖြင့် ပြိုင်ပွဲနှင့်လွဲခဲ့ရသည်။ ၎င်းသည် ယင်းဒဏ်ရာကြောင့် လေ့ကျင့်မှုအပြည့်အဝ မလုပ်နိုင်သေးဟု ဆိုသည်။

နည်းပြကာပယ်လိုအနေဖြင့် ဒဏ်ရာရနေသော ဂျွန်တယ်ရီအား ဘီလာရုဇ်နှင့်ပြိုင်ပွဲအတွက် ထည့်သွင်းကစားသင့်၊ မကစားသင့် ဆုံးဖြတ်ရခက်နေသည်ဟု ဆိုသည်။

အင်္ဂလန်အသင်းသည် ဘီလာရုဇ် အသင်းကိုအနိုင်ရပါက ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် လေးပွဲဆက်တိုက် အနိုင်ရရှိခြင်းကို စံချိန်သစ်တင်နိုင်မည် ဖြစ်သည်။

မြင့်မောင်စိုး-စုစည်း၍ ဇော်ထွန်းဦး-စာမျက်နှာဖွဲ့စည်းသည်

တိုက်ကြီး-ရန်ကုန် ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၁၃

တိုက်ကြီး-ရန်ကုန်ပြေးဆွဲသော ခရီးသည်တင်ယာဉ် ဟိုင်းလတ်ယာဉ် အမှတ် ပ/၁၆၀၂သည် တိုက်ကြီးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာစဉ် အောက်တိုဘာ ၁၃ရက် နံနက် ၂နာရီ ၃၅မိနစ်ခန့်တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမျိုးစေ့ဌာနရှေ့သို့အရောက် ယာဉ်ပေါ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ယင်းပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ ရှစ်ဦးအနက် ယာဉ်မောင်း ဦးမျိုးအောင် အပါအဝင် အမျိုးသားလေးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်းခုနစ်ဦး သေဆုံးခဲ့ကြောင်း၊ အမှတ်၅၂၈ မင်းစေတီလမ်း အင်းစိန်မြို့နေ ဦးကျော်လှ ၄၀နှစ် (ဘ) ဦးပြုံးချိုသည် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းပေါက်များ ဖာထေးပြုပြင်

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် လမ်းပေါက်များဖာထေးပြုပြင်မှုကို စက်တင်ဘာ ၂၂ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်၊ပရိဘောဂနှင့် ရုပ်မြင်သံကြားပြစက်ရရှိရေး ကျောက်ကြီး၌ ဆွေးနွေး

တောင်ငူ အောက်တိုဘာ ၂

ပဲခူးတိုင်း(အရှေ့) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်သည် စက်တင်ဘာ ၂၃ ရက်က ကျောက်ကြီးမြို့နယ် မုန်းဒေသ ညောင်ပင်သာကျေးရွာသို့သွားရောက်၍ကျေးရွာဥက္ကဋ္ဌ ဦးကျော်လေး လှူဒါန်းသည့်မြေပေါ်တွင် တောင်ငူမြို့မှ အလှူရှင်ဦးချစ်မွေး၊ ဒေါ်မြင့်မြင့်တို့က ဆောက်လုပ်လှူဒါန်းသည့် ငွေကျပ် ၂၅ သိန်း တန်ဖိုးရှိ သွပ်မိုး၊ အုတ်ကာစာကြည့်တိုက် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး စာအုပ်စာစောင်၊ ပရိဘောဂ၊ ရုပ်မြင်သံကြား ပြစက် အလှူခံရရှိရေးအတွက် ကျေးရွာဥက္ကဋ္ဌ ဦးကျော်လေး၊ အဖွဲ့ဝင် ဦးသန်းဝင်း၊ စာကြည့်တိုက် အထောက်အကူပြု အဖွဲ့ဝင်များနှင့် အလှူရှင်များ ညှိနှိုင်းဆွေးနွေးကြသည်။**(တိုင်း ပြန်/ဆက်)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်တံတား (ငွေလုံးငွေရင်း)လုပ်ငန်းအဖြစ် ဆောင်ရွက်သော အလယ်ရွာသစ်သားတံတားဆောင်ရွက်ပြီးစီးမှုအခြေအနေကို စက်တင်ဘာ၁၂ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အနောက်မြို့ပတ်လမ်းသံကူကွန်ကရစ်တံတားကျောက်ရိုးစီ တည်ဆောက်မှုလုပ်ငန်းကို စက်တင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးနှင့် လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေးခိုင်စိုးတို့က ရှင်းလင်းစဉ်။ (မြို့နယ်စည်ပင်)

အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု ဖားကန့်၌ကျင်းပ

ဖားကန့် အောက်တိုဘာ ၅

ဖားကန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက် ၉နာရီက အသင်းရုံးခန်းမ၌ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မွေးမွေးက အာဟာရဖွံ့ဖြိုးရေးအကြောင်းကို လည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာ ခင်ဇော်က အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်အကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ကြည့်ရှု

ထို့နောက် မြို့နယ်အမှုဆောင်များနှင့် အသင်းဝင်များက ကိုယ်ဝန်ဆောင် မိခင်များအား အာဟာရပညာပေး ဟောပြောခြင်း၊ သံဓာတ်ဆေးပြားဝေငှခြင်း၊ မူကြိုကလေးငယ်များအားဗီတာမင်(အေ)ဆေးလုံးတိုက်ကျွေးခြင်း၊ အာဟာရကျွေးမွေးခြင်းနှင့် ရပ်ကွက်အတွင်းရှိစျေးဆိုင်များ၌ အိုင်အိုဒင်းဆားပြည့်ဝမှု ရှိမရှိကို ကြည့်ရှု စစ်ဆေးသည်။ (၀၀၄)

ဟသ်ာတမြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့် စာအုပ်၊ စာစောင်နှင့် စာကြည့်တိုက်မြေနေရာ လှူဒါန်း

ဟသ်ာတ အောက်တိုဘာ ၈

ဟသ်ာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၈)ဖွင့်ပွဲနှင့် စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်နှင့်စာကြည့်တိုက်မြေနေရာ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ရက် နံနက်၉နာရီက ဟသ်ာတခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်ခန်း၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် စာအုပ်များလှူဒါန်းပွဲနှင့် မြေနေရာလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(အငြိမ်းစား)က ကျေးရွာစာကြည့်တိုက်များအတွက် သုတစာအုပ်မျိုးစုံ ၂၆၀၊ သမားတော်ကြီး ဦးဉာဏ်လွင်က စာအုပ် ၃၁၀၊ လယ်ယာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ရီက သုတ၊ ရသစာအုပ် ၂၅၀ တို့ကို လှူဒါန်းကြသည်။

ယင်းနောက် ကံလှကျေးရွာ ရွာလယ်လမ်းမရှိ လူငယ်အားမာန် စာကြည့်တိုက်မြေနေရာအတွက် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီ၊ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ညွှန့်နှင့် ရုပ်/သံကျွမ်းကျင်(၃) ဒေါ်လဲ့လဲ့အေးတို့က စာကြည့်တိုက်များခိုင်မာရှင်သန်ရေးလုပ်ငန်းစဉ်(၅)ရပ်၊ စာအုပ်မျိုးတူစု စာကြည့်တိုက်မိတ်ဆက်၊ စာအုပ်ထိန်းသိမ်းရေး၊ စာကြည့်တိုက်များ မှတ်ပုံတင်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းအဆင့်ဆင့်တို့ကို သင်ကြားပြသဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ဝင်ဆိုင်းဘုတ်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အောက်တိုဘာ ၃ရက်က မြေယာရှူခင်းပြုပြင်မှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးထက်အောင်ခန့် ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂မှ ၁၉၈၈-၁၉၉၁ပညာသင်နှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ်အာစရိယပူဇော်ပွဲကိုယခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ဥက္ကဋ္ဌဦးဘတင့်ဆွေဖုန်း-၇၂၂၄၇၄၊အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၃၈၉၆၅၁ (ရုံး)၊ မန္တလေးမှ ဒေါ်တင်တင်ဝါ ဖုန်း-၀၉-၅၀-၁၈၇၄၀၊ ဒေါက်တာတင်ဌေးအိ ဖုန်း-၆၆၅၄၀၂၊ ဒေါ်ထားထား ဖုန်း-၀၂-၆၆၇၇၂၊ ဒေါက်တာနုနုရီ ဖုန်း-၅၈၄၂၁၆ နှင့်ဦးမျိုးသွင် ဖုန်း-၀၂-၆၀၃၉၁၊ နေပြည်တော် ပျဉ်းမနားမှ ဦးလှဝင်း ဖုန်း-၀၆၇-၂၂၀၆၂၊ တောင်ကြီးမှ ဦးသောင်းနိုင် ဖုန်း-၀၃၄-၃၂၀၉၆၊ တောင်ငူမှ ဒေါက်တာခင်ချစ်ချစ် ဖုန်း-၀၉-၅၃-၅၀၉၅၈နှင့် ဦးမြင့်ဦး ဖုန်း-၀၅၄-၂၃၆၈၆(ဆိုင်)၊ ၀၅၄-၂၄၄၁၇(အိမ်)၊ တောင်ကြီးမှ ဦးဝင်းဦး ဖုန်း-၀၈၁-၂၂၈၆၇။ ပဲခူးမှ ဦးစိုးလွင် ဖုန်း-၀၉-၅၃-၀၀၅၄၆၊ သထုံနှင့် မော်လမြိုင်မှ ဒေါ်သဇင်စိုး ဖုန်း-၀၅၇-၄၀၀၁၉တို့အပြင် ဦးတင်ဝင်းလှိုင် ဖုန်း-၅၃၇၇၁၁၊ ဒေါ်ခင်သင်းဝေ ဖုန်း-၇၀၃၉၃၈၊ ဒေါ်မင်းမင်းကျော် ဖုန်း-၂၅၀၀၉၀၊ ဒေါ်ချိုချိုဇင် ဖုန်း-၀၉-၅၀-၁၇၉၁၉၊ ဒေါ်နှင်းနှင်းအေး ဖုန်း-၀၉-၅၁-၈၉၄၃၈၊ ဦးထိန်လင်းဦး ဖုန်း-၂၉၇၂၅၃၊ ဒေါ်ပြုံးပြုံးအေး ဖုန်း-၂၁၅၅၈၅၊ ဒေါ်မေထွန်းထွန်းအေး ဖုန်း-၇၀၄၁၆၈၊ ဒေါ်ရီမာသန့် ဖုန်း-၅၂၄၀၆၆၊ ဒေါ်နီလာစိန် ဖုန်း-၀၉-၅၀-၁၃၃၃၈၊ ဒေါက်တာမြင့်သူမြိုင် ဖုန်း-၀၉-၅၀-၃၄၉၅၉၊ ဒေါ်တင်တင်သက် ဖုန်း-၆၄၄၇၃၅နှင့် ပုသိမ်မှ ဦးအောင်မြင့် ဖုန်း-၀၄၂-၂၄၃၈၁၊ ပြည်မှ ဦးဝင်းရွှေ ဖုန်း-၀၅၃-၂၁၄၄၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆင့်ပွားသင်တန်းဖွင့်

ရေစကြို အောက်တိုဘာ ၅

ချင်းပြည်နယ်တောင်ပိုင်း ရေစကြိုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်အင်္ဂါရပ်များနှင့်အညီ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၃/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ရေစကြိုမြို့ ရှန်ငိုးကျေးရွာရှိ ဝမ်ဖူစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်စိန်က အမှာစကားပြောကြားပြီး မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဟာထန်းက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်တင်ဘာ ၇ရက်က မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာအုပ်စုနှင့် သဲဖြူကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ မမြချောင်းကူးတံတားတည်ဆောက်ရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် ၅ ရပ်ကွက် ကျောက်ရေတွင်း လေဆိပ်လမ်းနေ ဦးမောင်မောင်အုန်း-ဒေါ်သိင်္ဂီသိန်းမိသားစုက မတည်အလှူငွေကျပ် သိန်း၂၀ကို တံတားတည်ဆောက်ရေး နာယက ဦးစိန်သောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် စည်ပင်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ စဉ့်ကူးမြို့တွင် ကျင်းပ

စဉ့်ကူး အောက်တိုဘာ ၁၀

စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော (၄၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ရက် ညနေ၄နာရီက အဆိုပါ မြို့နယ်ရဲတပ်ဖွဲ့ရုံးဝင်း မြက်ခင်းပြင်၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်၊ စခန်းမှူးရဲအုပ်ဝင်းသိန်းနှင့် ဒုတိယရဲအုပ်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်နှင့် စခန်းမှူး ရဲအုပ်ဝင်းသိန်းတို့က ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့မိသားစုဝင်များအား ဗလာမပါကံစမ်းမဲပစ္စည်းများ လက်ဆောင်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တန်းမြို့နယ် တံတားမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်သီရိစျေးရှေ့ ရေမြောင်းတူးဖော်နေမှုကို စက်တင်ဘာ ၁၈ ရက်က မြို့တာဝန်ခံ ဦးမိုးကျော် ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် စျေးသူ စျေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ရက်က အမှတ်(၁)ရပ်ကွက် ရေမြောင်းများစုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတိုးဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာပေနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော

ဟသ်ာတ အောက်တိုဘာ ၉

ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ စာပေအသိပညာနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ်၂၆ရက်က ဟသ်ာတမြို့ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းက ရောင်စရာ၊ ဆောင်စရာကျောင်းသားနှင့် ကျန်းမာရေးအကြောင်းကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီက စာဖတ်ရခြင်းအကျိုးနှင့် တိုးတက်လိုသူတိုင်း ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းအလှပင်များ အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် အင်ဂျင်နီယာဌာနမှ ပျိုးပင်အရောင်းဆိုင် ဖွင့်လှစ်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဆိပ်ဖြူ အိမ်တွင်းသက်မွေးလုပ်ငန်းပညာသင်တန်း ပြည်ထောင်စုစိတ်ဓာတ် သင်ခန်းစာ ဆွေးနွေးပို့ချ

ဆိပ်ဖြူ အောက်တိုဘာ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့တွင် အိမ်တွင်းသက်မွေးမှုလုပ်ငန်း ပညာသင်တန်းကျောင်းကို ၂၀၀၅ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ဒေသနေအမျိုးသမီးငယ်များအား သက်မွေးလုပ်ငန်းပညာသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းကျောင်းတွင် တက်ရောက်သင်ကြားနေသော အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၅)မှ သင်တန်းသူ ခုနစ်ဦး၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသူ ၄၇ဦး စုစုပေါင်းသင်တန်းသူ ၅၄ဦးအား မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် စက်တင်ဘာ ၂၉ရက်က ပြည်ထောင်စုစိတ်ဓာတ် သင်ခန်းစာဆွေးနွေးပို့ချ သင်ကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ မေတ္တာလမ်းကျောက်ချောခင်းရန် ကျောက်စုဆောင်းထားမှုကို ဩဂုတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာမင်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖလမ်းမြို့နယ်၌ အာဟာရသိကောင်းစရာများရှင်းလင်း အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု စမ်းသပ်ပြသ

ဖလမ်း အောက်တိုဘာ ၆

ချင်းပြည်နယ် ခရိုင်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို စက်တင်ဘာ၁၉ရက် မွန်းတည့် ၁၂နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌကိုယ်စား ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးညွန့်ဦးမောင်က အာဟာရအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ ဝေငှခြင်း၊ ကလေးငယ်များအား ဗီတာမင်အေဆေး တိုက်ကျွေးခြင်းနှင့် အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှုတို့ကို လက်တွေ့ စမ်းသပ်ပြသကြသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးများ တက်ရောက်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

စစ်တွေမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

စစ်တွေ အောက်တိုဘာ ၁၁

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော သစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၂၆ရက်နံနက်ပိုင်းက စစ်တွေမြို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ခြံဝင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ရုံးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ အခြားလူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်၍ အုန်းပင်၊ ကွမ်းသီးပင်၊ သရက်ပင်၊ ပိန္နဲပင်နှင့် အခြားသီးပင်စားပင်များကို စိုက်ပျိုးကြကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ရက်က အေးသာယာမြို့အဝင် လမ်းဘေးဝဲယာ၌ အဖွဲ့ရုံးဝန်ထမ်းများဖြင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို အေးသာယာရုံးခွဲ တာဝန်ခံ ဦးစီးအရာရှိ ဦးကျော်မိုး ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ၂၀၀၈-၂၀၀၉ခုနှစ် ဆောင်းသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲကို စက်တင်ဘာ ၈ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်က ဟောင်လိတ်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းကျောက်သို့ စီမံကိန်းတာဝန်များပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

၁၉၆၈ ခုနှစ် ဥပဒေပညာ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၃

၁၉၆၈ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသားကျောင်းသူများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် နိုဝင်ဘာ ၁၅ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် လှူဒါန်းလိုသူများသည် တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ခနေဖြူမှ ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၅၀၄၁၈၊ ဦးချစ်လှိုင် ဖုန်း-၅၆၄၄၈၇၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၀-၀၀၆၉၀၊ ဦးမောင်မောင်အုန်း ဖုန်း-၆၁၀၇၂၄၊ ဦးမောင်မောင်(ဒိုက်ဦး)၊ ဒေါ်ခင်ဆွေရီနှင့် ဒေါ်ခင်လှမြင့် ဖုန်း-၂၅၂၉၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကမ်းနားလမ်းပြုပြင် မွမ်းမံခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဝင်းရာဇာထွန်းနှင့် ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ကျေးရွာစာကြည့်တိုက်မှူးသင်တန်း နောင်မွန်၌ဖွင့်

နောင်မွန် အောက်တိုဘာ ၇

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာစာကြည့်တိုက်မှူးသင်တန်း (၁/၂၀၀၈)ဖွင့်ပွဲကို စက်တင်ဘာ၁ရက် နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စာရေးများအား စာကြည့်တိုက်မှူးများအဖြစ် တာဝန်ပေးအပ်လွှဲပြောင်းနိုင်ရေး လုပ်ငန်းအခြေအနေများကို ဦးစီးမှူး ဦးဖုန်ဇီးဒီးက ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်များအတွက် အမရပူရမြို့မှ ဦးမြင့်သူ ပေးပို့လှူဒါန်းသည့် အားကစားဂျာနယ်မျိုးစုံ အုပ် ၅၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟောပြောပွဲနှင့် စာအုပ်ပြပွဲ စလင်းမြို့နယ်၌ ကျင်းပ

စလင်း အောက်တိုဘာ ၅

စလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများသို့ အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်ပြပွဲများ ကျင်းပလျက်ရှိရာ ဩဂုတ် ၂၆ရက် နံနက်ပိုင်းက စလင်း အထက၊ မွန်းလွဲပိုင်းက တပ်နယ် အထက၊ ၂၈ရက် နံနက်ပိုင်းက ဆင်ဖြူကျွန်း အထက၊ မွန်းလွဲပိုင်းက သရက်ချဉ်ကျေးရွာ အလက ကျောင်းများ၌ ဟောပြောပွဲနှင့် စာအုပ်ပြပွဲများ ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်တုန်းမြို့နယ် ပညာရေးဌာနကြီးမှူး ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

ညောင်တုန်း အောက်တိုဘာ ၉

ညောင်တုန်းမြို့နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီက ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေးက ကမ္ဘာ့ဆရာများနေ့ ကျင်းပရခြင်းနှင့် ညောင်တုန်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းတွင် တာဝန်ကျေပွန်စွာ ပညာရေးတာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးအငြိမ်းစား ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပရခြင်း အကြောင်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေးနှင့် ဆရာ ဆရာမများက အငြိမ်းစားဆရာ ဆရာမများအား လှူဒါန်းငွေများဖြင့် ပူဇော် ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အင်းမကျေးရွာ အမက ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ပြီး အငြိမ်းစားသက်ကြီးဆရာ၊ ဆရာမ ၃၂ဦးတို့အား ငွေကျပ်သုံးသိန်းလေးသောင်းဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ (၁၅၂)

ဒိုက်ဦး ဖအောင်ဝဲ အထက(ခွဲ)နှင့် အမကကျောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၃

ဒိုက်ဦးမြို့နယ် ဖအောင်ဝဲ အထက(ခွဲ)နှင့် အမက ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် ကျောင်းပေါင်းစုံ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမက(လွန်)ရွာလယ်ကျောင်း မြသရဖူခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆက်အသွယ်မရရှိသေးသော အသက် (၆၀)ပြည့် ဆရာ ဆရာမကြီးများ သိစေရန် ပူဇော်ပွဲသို့ ကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နိုးဆော်ထားသည်။ အလှူငွေများကို ဦးတင်မောင်ဝင်း ဖုန်း-၀၁-၆၄၁၂၈၆၊ ကိုဌေး ဖုန်း-၀၁-၇၀၅၈၆၂၊ ကိုရဲမြင့် ဖုန်း-၀၅၂-၄၀၂၂၁၊ ဦးမြင့်သိန်း ဖုန်း-၀၅၂-၄၀၂၄၁နှင့်(၇၀)တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗိုလ်ချုပ်လမ်းတွင် ယာဉ်ကြောပြမျဉ်းများကို သာမိုပလပ်စတစ်လိုင်းဆွဲစက်ဖြင့် ဆောင်ရွက်မှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုတို့ ဩဂုတ် ၂၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြတ်စိုးက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးဆိုင်ခန်းများသို့ လျှပ်စစ်မီးသွယ်တန်းထားရှိမှုကို စက်တင်ဘာ ၂၇ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသောင်းထွဏ်းတို့က ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပျို့ရွယ်သူ မျိုးဆက်ပွားကျန်းမာရေး ဆရာဖြစ်သင်တန်း ဟားခါးမြို့၌ဖွင့်

ဟားခါး အောက်တိုဘာ ၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ထောက်ပံ့မှုဖြင့် ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ပျို့ရွယ်သူမျိုးဆက်ပွားကျန်းမာရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ရက် နံနက် ၉နာရီက ဟားခါးမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ မော်လမြိုင်၌ အခမ်းအနား စီမံခန့်ခွဲမှုသင်တန်းဖွင့်

မော်လမြိုင် အောက်တိုဘာ ၉

မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခမ်းအနားစီမံခန့်ခွဲမှုသင်တန်း(၁/၂၀၀၈) ဖွင့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးနှင့် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးတို့က သင်တန်းသူများအား သင်တန်းမှတ်စုနှင့် သင်တန်းသားကတ်ပြားများကို ပေးအပ်ကြပြီး သင်တန်းနည်းပြနှင့် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာများမှ သင်တန်းသူ ၄၄ဦး တက်ရောက်ကြကြောင်း သိရသည်။ (၀၁၄)

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမက(၂၆)တွင် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ ၁၅ရက်ကကျင်းပရာ လှိုင်သာယာမြို့နယ်တွင် တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူသွားသော မြို့နယ်ပညာရေးမှူး၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းအုပ်ကြီးများအား မြို့နယ်ပညာရေးမှူး ဆရာကြီးဦးသန်းဌေးနှင့်ကျောင်းအုပ်ကြီးများက ပူဇော်ကန်တော့စဉ်။

(မြို့နယ် ပြန်/ဆက်)

မတ္တရာမြို့၌ ခန်းမပြုပြင် ပန်းအလှပင် စိုက်ပျိုး

မတ္တရာ အောက်တိုဘာ ၂

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ခန်းမ ပြုပြင်ထိန်းသိမ်းခြင်း၊ ပန်းအလှပင် စိုက်ပျိုးခြင်းနှင့် ခန်းမဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို စက်တင်ဘာ ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

သီပေါမြို့နယ်၌ ပညာ့အလင်း စာကြည့်တိုက်ဖွင့် သုတရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

သီပေါ အောက်တိုဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျင်သီကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ရက် နံနက် ၉နာရီက မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းကြီးဘေးရှိ ကျင်သီကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကော်မတီနာယက မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် ကျင်သီကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုင်းရွှေအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာဖတ်ရှုံမြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက ပညာရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ စာတတ်မြောက်ရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက နေ့စဉ်ထုတ်သတင်းစာ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက သုတရသစာအုပ် ၅၀နှင့် အမျိုးသမီးရေးရာ မဂ္ဂဇင်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းအုန်းကြည်က မဂ္ဂဇင်းမျိုးစုံ အုပ်၅၀၊ ကျင်သီကျေးရွာအုပ်စုမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလှရင်က ဂျာနယ်မျိုးစုံ အုပ်၅၀နှင့် မြို့နယ်ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသော စာအုပ် ၅၀နှင့် ဒို့ကျေးရွာဂျာနယ်များကို ကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုင်းရွှေအေးထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (၀၂၀)

ကသာမြို့နယ် စည်ပင် အောင်းပင်ချောင်းတွင် ကျောက်ရိုးထည့်ပြုလုပ်

ကသာ အောက်တိုဘာ ၂

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြို့နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အောင်းပင်ချောင်းတွင် အလျား ၂၈ ပေ၊ အနံ ၂၃ပေ၊ အမြင့် ၅ ပေရှိ ကျောက်ရိုးထည့်စနစ်ပြုလုပ်ခြင်းကို စက်တင်ဘာ ၆ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်နှင့် အမှုဆောင်အရာရှိ ဦးထွန်းထွန်းတို့ ကြီးကြပ်မှုဖြင့် ငွေကျပ်၂၆သိန်းလေးသောင်း အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လောက်ကိုင်မြို့၌ အခြေခံ ဘင်ခရာသင်တန်းဆင်း

ဟိုပန် အောက်တိုဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့တွင် ကျောင်းတွင်းအခြေခံ ဘင်ခရာသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ရက် နံနက် ၉နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်း ကွင်းပြင်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ လောက်ကိုင်ခရိုင် ဥက္ကဋ္ဌ ဦးနေလင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများက အခြေခံ ဘင်ခရာစွမ်းရည်နှင့် ပန်းဖွားအကကို ပြသသည်။ ယင်းနောက် သင်တန်းတွင် ထူးချွန်သင်တန်းသူ သင်တန်းသားများ ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များကို လောက်ကိုင်ခရိုင် ဥက္ကဋ္ဌ ဦးနေလင်းနှင့် တာဝန်ရှိသူတို့က ဆုချီးမြှင့်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်ဖက်သော မိဘများကို အမှူးထား၍ ပေါင်းတည်မြို့ မှတ်တိုင်လမ်းနေ ဒုရဲအုပ် တင်မောင်ကြည်-ဒေါ်နီနီထွေး၊ သမီး မသျှင်မင်းချစ် (Top Super Store)မိသားစုက ပေါင်းတည် ဘိုးဘွားရိပ်သာ စေတနာ(အခမဲ့) ဆေးကုခန်း ငွေပဒေသာပင်စိုက်ထူရန် အလှူငွေကျပ်တစ်သိန်းကို ဆေးကုခန်း စာရင်းစစ်များဖြစ်သည့် ဦးညဏ်မြင့်နှင့် ဦးကျော်ဇင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၆၁)

14-10 (17).pmd 1 10/14/2008, 2:30 AM

စားသုံးရန်မသင့်သော မယ်လမင်းပါဝင်သည့် နို့မှုန့်များကို တင်သွင်းခြင်း၊ ပြုပြင်ထုပ်ပိုး/ဖြန့်ဖြူးရောင်းချခြင်း၊ စားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုခြင်းတို့အား ထပ်မံတားမြစ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အစိုးရအဖွဲ့
အမိန့်ကြော်ငြာစာ
အမှတ် (၄၂/၂၀၀၈)
နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၁၄) ရက်
(၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

ပြည်သူများစားသုံးရန်မသင့်သော မယ်လမင်းပါဝင်သည့်နို့မှုန့်များကို တင်သွင်းခြင်း၊ ပြုပြင်ထုပ်ပိုး/ဖြန့်ဖြူးရောင်းချခြင်း၊ အခြားစားသောက်ကုန်များတွင် ထည့်သွင်းအသုံးပြုခြင်းတို့အား ထပ်မံတားမြစ်ခြင်း

၁။ မြန်မာနိုင်ငံတွင် မယ်လမင်းပါဝင်သည့် မသန့်ရှင်းသော နို့မှုန့်နှင့် ဆက်နွယ်သော ဘေးအန္တရာယ်များ မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာက စနစ်တကျဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှတင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းနှင့် ပြန်လည်ပြုပြင် ထုပ်ပိုးရောင်းချခြင်း ပြုနေသည့် နို့မှုန့် (၁၆) မျိုးကို စမ်းသပ်စစ်ဆေးခဲ့ရာ နို့မှုန့်အမျိုးအစား (၉)မျိုးမှာ မယ်လမင်းပါဝင်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါမယ်လမင်းပါဝင်သည့် နို့မှုန့်များကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းတွင် ပြန်လည်ပြုပြင် ထုပ်ပိုးရောင်းချခြင်း၊ ၎င်းနို့မှုန့်များကို အသုံးပြုပြီး စားသောက်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချခြင်းများအား ပိတ်ပင်တားမြစ်လိုက်ကြောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၄၁/၂၀၀၈)ဖြင့် (၉-၁၀-၂၀၀၈) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း မလေးရှားသို့ထွက်ခွာ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၃

မာဒေးကားဖလားပြိုင်ပွဲတစ်လျှောက် အောင်မြင်မှုအစဉ်အလာကြီးမားသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အောက်တိုဘာ ၁၅ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် အကြိမ်(၄၀)မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

တတိယအောင်မြင်မှုအရှိဆုံး

မြန်မာအသင်းသည် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ပူးတွဲချန်ပီယံတစ်ကြိမ် အပါအဝင် ချန်ပီယံဆုလေးကြိမ်၊ ဒုတိယလေးကြိမ်ဖြင့် ပြိုင်ပွဲသက်တမ်းတစ်လျှောက် တတိယ အောင်မြင်မှုအရှိဆုံးအသင်းလည်းဖြစ်သည်။

ရွေးချယ်ယှဉ်ပြိုင်

မကြာမီကျင်းပတော့မည့် အကြိမ်(၄၀)မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပြီးခဲ့သည့် ဇူလိုင်လကတည်းက ကာလရှည်လေ့ကျင့်ပေးနေသည့် ကစားသမား ၃၀ ကျော်မှ ရွေးချယ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ လာမည့်မာဒေးကားပြိုင်ပွဲသည် မြန်မာ့လက်ရွေးစင်အသင်း၏ ယခုနှစ်အတွင်း ယှဉ်ပြိုင်ရန်ရှိသည့် ပြိုင်ပွဲခြောက်ရပ်အနက်မှ

စာမျက်နှာ ၁၂ ကော်လံ ၁ ■

မြန်မာ့အလင်း အာကာသသိပ္ပံ

ဆင့်မမြောက် အာကာသခရီးသည် အာကာသစခန်းသို့ လိုက်ပါသွားပြီ

ဘိုင်ကိုနာ
အောက်တိုဘာ ၁၃

ဆဋ္ဌမမြောက်အာကာသခရီးသည် ရစ်ချတ်ဂါရီရော့တ်သည် ဖခင် အာကာသယာဉ်မှူး၏ ခြေရာကို အမီလိုက်နိုင်ရန်အတွက် အောက်တိုဘာ ၁၂ ရက်က အာကာသသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

မစ္စတာဂါရီရော့တ်သည် နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ ၁၀ရက်



စာမျက်နှာ ၆ ကော်လံ ၅ ❐

ဖျာပုံ-ဘိုကလေးကားလမ်း ပုံမှန်အသုံးပြုနိုင်ပြီ စိတ်ချမ်းမြေ့စွာသွားလာနိုင်၍ ကျေနပ်ပျော်ရွှင်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
မော်ကျွန်းမြင့်အောင် (ပြန်/ဆက်)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၃

လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လွယ်ကူခြင်းသည် ကုန်စည်စီးဆင်းမှု လျင်မြန်မှန်ကန်စေပြီး အရပ်ဒေသတစ်ခု၏ ထွက်ကုန်ပစ္စည်းကို အခြားအရပ်ဒေသတစ်ခု၏ ဒေသထွက်ကုန်ပစ္စည်းများဖြင့် ဖလှယ်ရောင်းဝယ်နိုင်ကြသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

ဖျာပုံ-ဘိုကလေး ကားလမ်းကို ပြုပြင်ပြီးနောက် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)